# smart JOURNAL PRO

reliable knowledge partner for the next generation

Volume - 1, Issue 8 www.smart.com.mm March 13, Wednesday, 2013




## တန်ဖိုးနည်း SIM Card ပြေးလာရက်နေ့ရောင်းချမည်

## 2013 Geneva Auto Show

## ဆုငွေဆယ်သိန်းရမည့် အာဆီယံဥက္ကဋ္ဌအထိမ်းအမှတ် Logo ပြိုင်ပွဲကျင်းပ

## Cisco မှ Network Academy ၂ခုကို မြန်မာနိုင်ငံတွင်ဖွင့်လှစ်မည်

Pg 29

## Weekly Lucky Draw Prepaid Card



## iPhone 5S ထွက်ရှိလာနိုင်

## Editor's Choice Nexus 7

## ဘူဒိုဇာတဲ့လား

Model : Gone Yi Aye Kyaw Photo Editor: ဆင်မှူး (မြန်မာ) Dress : Duoyi Make Up : Sai Lay ( Khin San Win )

Volume-1, Issue 8
March 13, Wednesday, 2013










Technology

# Phone နှင့် Tablet များတွင်အသုံးပြုနိုင်သည့်မြန်မာစာလက်ကွက်စနစ် အသစ်ထွက်ရှိ



ဓာတ်ပုံ-အင်တာနက်

သေးရှမ်း

Android စနစ်သုံး Mobile Phone နှင့် Tablet များတွင်ထည့်သွင်းအသုံးပြုနိုင်သည့် **မြန်မာစာ လက်ကွက်စနစ်ဖြင့် (Zawgyi Font) နှင့် အင်္ဂလိပ်လက်ကွက်စနစ်ပူးတွဲပါရှိသည့် Bagan Keyboard (BETA) Version စတင်ထုတ်ဝေလိုက်ကြောင်းသိရသည်။ Bagan Keyboard ကို မြန်မာ Apps ကုမ္ပဏီတစ်ခုဖြစ်သည့် Bagan Innovation Technology မှရေးသားပြုစုထားကြောင်း**သိရသည်။

Bagan Keyboard အသုံးပြုနိုင်ရန် မိမိ၏ Android Device များကို Root လုပ်ရန်မလိုအပ်ကြောင်း သိရသည်။ မြန်မာလက်ကွက်နှင့် အင်္ဂလိပ်လက်ကွက်ကို ကြိုက်နှစ်သက်ရာ တစ်မျိုးဖြင့် အသုံးပြုနိုင်သကဲ့သို့ နှစ်မျိုးပူးတွဲ၍ ရွေးချယ်အသုံးပြုနိုင်သည်။ မြန်မာစာနှင့် အင်္ဂလိပ်စာ နှစ်မျိုးစလုံး အတွက် စာလုံးတွဲများကို အစအဆုံး ရိုက်နှိပ်ရန်မလိုသည့် (Suggestion System) ပါရှိကြောင်း သိရသည်။ အသုံးပြုမှုများသည့် စကားလုံးတွဲများ (Suggesting System) တွင်ပါရှိသည့် အကြံပေးချက်များနှင့် လိုလောက်မှုမရှိပါက မိမိစိတ်ကြိုက် ပေါင်းထည့် အသုံးပြုနိုင်သည့် User Dictionary စနစ်ပါရှိသည့် စာကားလုံးတွဲများကို မိမိ စိတ်ကြိုက် ထည့်သွင်းရာတွင် User Dictionary တွင် သွားရောက် ထည့်သွင်းနိုင်ပြီး စာရိုက်နေစဉ်အချိန်တွင် မိမိထည့်သွင်းလိုသည့် စကားလုံးပေါ်သို့ Double Touch နှိပ်၍ ဖြည့်သွင်းနိုင်ကြောင်း သိရသည်။

အဆိုပါ Bagan Keyboard သည် မိမိစိတ်ကြိုက် သိမ်းဆည်းထားသည့် User Dictionary မှစကားစုများသည် Software Uninstall ပြုလုပ်ခြင်းနှင့် Version Upgrade ခြင်းများ ပြုလုပ်ပါကပျောက်ပျက်သွားခြင်းမရှိကြောင်း သိရသည်။ စာရိုက်ရာတွင် Shift Key အသုံးမပြုလိုပါက Pop Up များအသုံးပြု၍ လျှင်မြန်စွာ စာရိုက်နိုင်မည်ဖြစ်သည်။ ဘာသာစကားအသစ် (ဥပမာ- ရှမ်း၊ကချင်)နှင့် လက်ကွက် Font (ဥပမာ- Myanmar 3) စသည်တို့ထပ်မံ ထည့်သွင်းအသုံးပြုလိုပါက Install အသစ် လုပ်စရာမလိုဘဲ Language Package များထည့်သွင်း၍ အသုံးပြုနိုင်ပြီး Android Version အားလုံးနှင့် အသုံးပြုနိုင်ကြောင်းသိရသည်။ **အဆိုပါ Bagan Keyboard ကို www.bitmyanmar.com.mm တွင် အခမဲ့ Download ရယူ၍ အသုံးပြုနိုင်ကြောင်း** သိရသည်။

Market

# Audio ပိုင်းဆိုင်ရာ ပစ္စည်းများ ကြိုတင်ဝယ်ယူမှုများ ရှိလာကြောင်းသိရ

သက်ထွန်းဦး

မြည်တွင်း Electronic ဈေးကွက်အတွင်း၌ ယခု လဆန်းပိုင်း လောက်မှစ၍ Audio ပိုင်းဆိုင်ရာ စက်ပစ္စည်းများ အဝယ်လိုက် လာကြောင်းသိရသည်။ အထူးသဖြင့် ကာရာအိုကေစက်များ၊Amplifier များ၊ Speaker များကိုကြိုတင်ဝယ်ယူသူများ ရှိကြောင်း သိရသည်။ ကျောင်းပိတ်ချိန် ရောက်ရှိ လာခြင်းနှင့် သင်္ကြန်ပွဲတော် အတွက် ယခုအချိန်မှစ၍ ကြိုတင် ဝယ်ယူသူများရှိခြင်းကြောင့် ယခုကဲ့သို့ အဝယ် လိုက်လာရခြင်း ဖြစ်နိုင်ကြောင်း သိရသည်။ ထို့ပြင် သင်္ကြန်ကာလ မတိုင်မီ ကြိုတင် ဝယ်ယူခြင်းသည် ဈေးနှုန်းပိုင်းဆိုင်ရာ အထူး သက်သာမှု ရှိလာနိုင်ခြင်း အကြောင်းတစ်ရပ်လည်း ဖြစ်နိုင်သည်။ ယခုရက်ပိုင်းအတွင်း၌လည်း အချို့ဆိုင်များတွင် promotion အစီအစဉ်များဖြင့် ရောင်းချလျက် ရှိကြောင်း သိရသည်။

ထို့ကြောင့် ဈေးကွက် အတွင်းရှိ နီးစပ်ရာ Audio အရောင်းဆိုင်အချို့သို့ စုံစမ်းကြည့်ရာ " **ဟုတ်ပါတယ်၊ ဒီရက်ပိုင်းပိုပြီးတော့အဝယ်လိုက်လာတယ်၊ မြို့ကလူတွေကော၊ နယ်ကလူတွေပါ လာဝယ်တာမျိုးတွေ ရှိပါတယ်၊ အများစု ကတော့ အပန်းဖြေဖို့ သင်္ကြန်ပွဲတော် အတွက် ဆိုပြီးတော့ လာဝယ်ကြတာ တွေ့ရှိပါတယ်၊ အခုကိုဆိုင်မှာ အဓိကပိုရောင်းရတာက 3G Audio တံဆိပ်၊ Digital Karaoke Amplifier နဲ့ professional Karaoke Speaker တွေရောင်းရတယ်၊ ဒီတံဆိပ်ကို လူကြိုက်လဲများတယ်၊ ဘာလို့လဲဆိုတော့ သူက အီတလီ Brand လည်းဖြစ်တယ်၊ အသံ quility ပိုင်းကလည်း ကောင်းတယ်၊ ဈေးနှုန်းကလည်းအများစုလက်လှမ်းမီတဲ့ အနေအထားမှာရှိပါတယ်၊** " ဟု Sound Tech Audio အရောင်းဆိုင်မှ Smart pro သို့ပြောကြားခဲ့သည်။

ကျောင်းပိတ်ချိန် ရောက်ရှိလာခြင်း၊ သင်္ကြန်ပွဲတော် နီးလာခြင်းတို့ကြောင့် Audio ပိုင်းဆိုင်ရာ ပစ္စည်းများ ရောင်းအား ကောင်းလာရခြင်းအပြင် နောက်ထပ် ရောင်းအား ကောင်းလာရခြင်း အချက်တစ်ချက်မှာရာသီဥတု နှင့်လည်း တိုက်ရိုက်သက်ဆိုင်နေကြောင်း သိရသည်။

အကြောင်းမှာ ယခုကဲ့သို့ ပူပြင်းသည့် နွေရာသီမျိုး၌ အားလပ်သည့်အချိန်များတွင် အပြင် လျှောက်လည်ခြင်းထက် အိမ်တွင်း၌ အေးအေး လူလူ အပန်းဖြေဖို့အတွက် မိမိ ပစ္စည်းများကို ဝယ်ယူရာတွင် Audio ပိုင်းဆိုင်ရာ ပစ္စည်းများ အထူးသဖြင့် ကာရာအိုကေလို စက်များကိုရွေးချယ် ဝယ်ယူကြခြင်းကြောင့် ယခုကဲ့သို့ အဝယ်လိုက်လာရခြင်း ဖြစ်ကြောင်း သိရသည်။



RS mobile မှတင်သွင်းဖြန့်ဖြူးသော AMC Brand Micro SD, SD Card နှင့် Flash Drive များသာလျှင် အရည်အသွေးပြည့်ဝ၍ Lifetime Warranty ဖြင့် အာမခံပေးသွားမည်ဖြစ်ကြောင်းဝယ်ယူအားပေးကြသော မိတ်ဟောင်း မိတ်သစ်များကို အသိပေးကြေငြာအပ်ပါသည်။
( ဆင်တူရိုးမှား အတုအပ သတိပြုရန် )

MCPA Yangon | MCIA Yangon

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာအသင်းများမှစီစဉ်ကျင်းပသော

Yangon ICT Fair 2013

၂၀၁၃ - ခုနှစ်၊ မတ်လ (၂၂)ရက်နေ့ မှ (၂၄)ရက်နေ့ထိ

တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ATM Corner By

Technical Solutions Partner By

Lucky Draw Partner By

Main- Media Partner By

Co- Media Partner By

smart JOURNAL PRO

reliable knowledge partner for the next generation

Yangon ICT Fair 2013 ( IT & Mobile ) ( March 22 - 24 ) ပြပွဲကိုကြိုဆိုသောအားဖြင့်

1 Week Special Promotion

Up to 60%

ကြော်ငြာထည့်သွင်းမည့်
လုပ်ငန်းရှင်ကြီးများအတွက် အထူးအခွင့်အရေး

ကြော်ငြာများထည့်သွင်းလိုပါက

Queen's Park Hotel : 132, 7B, Anawrata Road, Botahtaung Township, Yangon, Myanmar.
website: www.smart.com.mm email: editor@smart.com.mm
hotline: 09-400 000 661, 01-861 0523

Volume-1, Issue 8
March 13, Wednesday, 2013

# ကားအထူးအဆန်းတွေပြသခဲ့တဲ့ Geneva Motor Show 13

ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် မတ်လ ၇ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ Geneva Motor Show မှာနာမည်ကြီးခဲ့တဲ့ကားတွေ အကြောင်းကိုဖော်ပြပေးသွားမှာဖြစ်ပါတယ်။

## Toyota i-Road

Toyota i-Road ဟာလည်းဒီကားပြပွဲမှာလူတော်တော်များများလေ့လာခဲ့ကြတဲ့ကားဖြစ်ပါတယ်။ ဒီကားကိုသုံးဘီးကားအဖြစ် Toyota မှထုတ်လုပ်ထားပြီးလူနှစ်ယောက်သာစီးနင်းနိုင်တဲ့ကားဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ်နဲ့ပုံစံတူပြီး ကွေ့တဲ့အခါမှာလည်းမော်တော်ဆိုင်ကယ်လိုမျိုးမောင်းတဲ့သူရဲ့ခန္ဓာကိုယ်ကိုယိမ်းပြီးကွေ့ရမှာဖြစ်ပါတယ်။ ဒီကားရဲ့ဘီးတွေကိုအရှေ့ဘီးနှစ်ဘီးထားပြီးနောက်ဘီးကိုထားရှိထားတာဖြစ်ပါတယ်။ လျှပ်စစ်နဲ့သာမောင်းနှင်ရမယ့်ကား ဖြစ်ပါတယ်။






## Kia Provo Concept

Kia ရဲ့ မျိုးဆက်သစ် ကားတွေထဲက တစ်စီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်းကာလမှာကျော် ကားကုမ္ပဏီတော်တော်များများမှာ Hybrid ကားတွေထုတ်လုပ်လာကြပါတယ်။ ယခု Kia Provo မှာလည်း Hybrid ကိုအဓိကထားထုတ်လုပ်ထားတဲ့ကားဖြစ်ပါတယ်။ ဒီကားဟာ ဆိုရင် 1.6 Liter Four Cylinder Engine ကိုအသုံးပြုထားတဲ့ကားဖြစ်ပါတယ်။ ဒီကားရဲ့ထူးခြားချက်ကတော့ကားကို High Speed မောင်းတဲ့အခါမှာ သာအင်ဂျင်စွမ်းအင်ကိုသုံးပြီး ကျန်တဲ့အချိန်မှာတော့လျှပ်စစ်နဲ့သာအသုံးပြုရမည့်ကားဖြစ်ပါတယ်။



## Volkswagen XL

2013 Geneva Motor Show မှာလူစိတ်ဝင်စားခဲ့တဲ့ကားဖြစ်ပါတယ်။ ဒီကားဟာအသွင်အပြင် ဒီဇိုင်းနဲ့ လူအများကိုဖမ်းစားခဲ့တဲ့ကားဖြစ်ပါတယ်။ ဒီကားဟာလည်း Hybrid ကားအမျိုးအစားဖြစ်ပါတယ်။ အဓိကလူအကြိုက်ဆုံးအပိုင်းကတော့ ကားရဲ့ပေါ့ပါးမှုဖြစ်ပြီးကားတစ်စီးလုံးကို Carbon Fiber အသုံးပြုထားပါတယ်။ ဒါကြောင့်ကားတစ်စီးလုံးရဲ့အလေးချိန်ဟာ ၁၇၀၀ ပေါင်သာလေးပါတယ်။ အင်ဂျင်ကိုတော့ 2 Cylinder Diesel အင်ဂျင်ကိုအသုံးပြုထားပေမဲ့လည်းလျှပ်စစ်ကိုသာအဓိကထားအသုံးပြုမောင်းနှင်မှာဖြစ်ပါတယ်။



## Mercedes Benz A45 AMG

၂၀၁၄ ခုနှစ်မှာမှ ထုတ်လုပ်မယ့်ကားဖြစ်ပါတယ်။ Mercedes Benz ကတော့ထုံးစံအတိုင်းဒီဇိုင်းပိုင်းကတော့ လန်းထွက်နေတာပါပဲ။ 2013 Geneva Motor Show မှာမှစတင်ကြော်ငြာခဲ့တဲ့ကားဖြစ်ပါတယ်။ အင်ဂျင်ကို 2.0 Liter turbo အင်ဂျင်ကိုအသုံးပြုထားတာကြောင့်မြင်းကောင်ရေအားကို ၃၆၀ အထိထုတ်လုပ်ပေးနိုင်တဲ့ကားဖြစ်ပါတယ်။ ဒါပေမယ့် Mercedes ကုမ္ပဏီဟာလူအများမျှော်လင့်သလို Hybrid ကားတွေကိုတော့ပြသခဲ့ခြင်းမရှိပါဘူး။



## Audi A3 g-torn

2013 Geneva Motor Show မှာ Audi အတွက်ဂုဏ်တက်စေတဲ့ကားဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ပထမဆုံး Gas နဲ့မောင်းလို့ရတဲ့ Hybrid ကားကိုပြသခဲ့တာကြောင့်ဖြစ်ပါတယ်။ ဒီကားမှာအသုံးပြုထားတဲ့ နည်းပညာကို Audi ကနေပြီး e-gas လို့ခေါ်ဝေါ်ထားပါတယ်။ အင်ဂျင်ကိုတော့ 1.4 Liter Four Cylinder ရှိတဲ့အင်ဂျင်ကိုအသုံးပြုထားပြီးမြင်းကောင်ရေအားကိုတော့အမြင့်ဆုံး ၁၁၀ အထိပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ Audi ကနေဒီကားကို 2013 Geneva Motor Show မှာပြသနိုင်ဖို့အတွက် အသေအချာပြင်ဆင်ခဲ့တာဖြစ်ပါတယ်။



## SPECIFICATION



| | |
|---|---|
| Brand Name | : Hummer H2 |
| Model | : 2006 |
| Engine Power | : 6000 CC |
| Equipment | : Full Equipment |
| Color | : Black |
| Price | : 750,000,000 Lakh |



| | |
|---|---|
| Brand Name | : Cadillac Escalade |
| Model | : 2006 |
| Engine Power | : 6000 CC |
| Equipment | : Full Equipment |
| Color | : Blue |
| Price | : 625,000,000 Lakh |



| | |
|---|---|
| Brand Name | : Mercedes Benz ML320 |
| Model | : 2002 |
| Engine Power | : 3200 CC |
| Equipment | : Full Equipment |
| Color | : Black |
| Price | : 370, 000,000 Lakh |



| | |
|---|---|
| Brand Name | : Lincoln |
| Model | : 2005 |
| Engine Power | : 5700 CC |
| Equipment | : Full Equipment |
| Color | : Black |
| Price | : 550,000,000 Lakh |

# အသစ်နဲ့အဟောင်း ပေါင်းစပ်ထားတဲ့ CHEVROLET CAMARO 2013



SPECIFICATION
ENGINE - 3.6L V-6
TRANSMISSION - 6SPEED MANUAL
HORSE POWER - 323
DOORS - 2
SEATS - 4
PRICE - US $57,163

ဒီ CHEVROLET CAMARO ကားဟာ စာဖတ်ပရိတ်သတ်ကြီးနဲ့ ရင်းနှီးပြီးသား ဖြစ်မှာပါ။ ဘာလို့လဲဆိုတော့ CAMARO ဟာနာမည်ကြီး Transformer ရုပ်ရှင်ထဲမှာ ပါဝင်ခဲ့လို့ပဲဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၁၃ ထုတ် CAMARO ဟာ အရင် CAMARO တွေနဲ့မတူပဲ ထူးထူးခြားခြား ပြုလုပ်ထားတဲ့ကားဖြစ်ပါတယ်။ CAMARO ဟာ ၂၀၁၃ ခုနှစ်နည်းပညာအသစ်တွေနဲ့အတူ ၁၉၁၉ ခုနှစ်လောက်က CAMARO ပုံစံနဲ့ ပေါင်းစပ်ထားတာကြောင့် ထူးခြားနေတဲ့ကား ဖြစ်ပါတယ်။ ဒီကားဟာ အင်ဂျင်ပိုင်းမှာ အထူးတစ်လည် ပြောစရာ ဖြစ်နေပါတယ်။ အင်ဂျင်ကို အမျိုးအစားနှစ်ခုနဲ့ ထုတ်လုပ်ပြီး ၃၂၃ မြင်းကောင်ရေအား ထုတ်လုပ်ပေးနိုင်တဲ့ 3.6 liter V6 အင်ဂျင်ကို အသုံးပြုထားပါတယ်။ အင်ဂျင်နောက်တစ်မျိုးကတော့ ၄၂၆ မြင်းကောင်ရေအား ထုတ်ပေးနိုင်တဲ့ 6.2 liter V8 အင်ဂျင်ကိုအသုံးပြုထားတာ ဖြစ်ပါတယ်။ CAMARO ကိုမှာယူတဲ့အခါမှာ ထိုအင်ဂျင်တွေနဲ့ မှာယူနိုင်ပြီး V8 အင်ဂျင်ကိုတော့ လူတော်တော်များများ မှာယူနေကြပါတယ်။

CAMARO 2013 ကားရဲ့ Transmission ပိုင်းကတော့ 6 Speed Manual ပါဝင်တာကြောင့် အမေရိကန် Muscle ကားကောင်းတစ်စီး ဖြစ်ပါတယ်။ နောက်ထပ် ထူးခြားချက်ကတော့ Transformer ရုပ်ရှင်တွေထဲကလို ကားတံခါး အလိုလျောက်ဖွင့်လို့ရတာတွေ၊ Auto Parking စနစ်ပါဝင်မှုတွေအပြင် အခြားနည်းပညာတွေ ပါဝင်တဲ့ကားတစ်စီးဖြစ်ပြီး အမေရိကန်နိုင်ငံက လူတော်တော်များများ စောင့်မျှော်နေကြတဲ့ ကားဆိုလဲမမှားဘူး။ ဒီကားရဲ့ ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၅၇, ၁၆၃ လို့ သတင်းထွက်နေပြီး ထွက်ရှိမည့် April လထဲမှာသာ ဈေးနှုန်းအတိကျ သိရှိရမှာ ဖြစ်ပါတယ်။



Volume-1, Issue 8
March 13, Wednesday, 2013

# Review

## Nokia C3-01 Gold Edition

## Information

Price : ၂၀၀,၀၀၀ ကျပ်ဝန်းကျင်
Shop : MobiTel
Contact : 09-430 376 77

### Key Features

- 2G/ 3G Network
- 2.4" TFT Resistive Touchscreen
- Resolution 240 x 320 pixels
- microSD, up to 32 GB
- Internal 140 MB storage, 64 MB RAM
- Wi-Fi 802.11 b/g/n
- Bluetooth v2.1
- Primary 5 MP, 2592x1944 pixels, LED flash
- Secondary No
- 1 GHz Processor

## Head-to-Head

### Body

ကိုယ်ထည်ကို ရွှေအစစ် ၂၄ ကာရက်နဲ့ အခြားသတ္တုတို့ ပေါင်းစပ်ရောနှောကာ တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ရွှေရောင်အဆင်းက လူ့အလယ်မှာ ထူးထူးခြားခြား ဖြစ်စေပါတယ်။

### Vertu Keypad

Keypad ဖုန်းဖြစ်ပါတယ်။ Keypad ခလုတ်တွေကို တန်ဖိုးကြီး Vertu ဖုန်းတွေမှာအသုံးပြုတဲ့ ခလုတ်တွေကို တပ်ဆင်ပေးထားတာဖြစ်ပါတယ်။ ဒီအချက်ကလည်း အသုံးပြုသူတွေအတွက် ဂုဏ်ယူစရာအချက်တစ်ချက်ပါ။

### Display

Keypad ဖြစ်တာကြောင့် မျက်နှာပြင်က ၂.၄ လက်မ အရွယ်အစားလောက်ပဲ ရှိပါတယ်။ မျက်နှာပြင်စွမ်း ရည်က 320 x 240 pixels နဲ့ဖော်ပြပေးမယ့် TFT မျက်နှာပြင် အမျိုးအစားပါ။ ထူးခြားချက်တစ်ခုကတော့ မျက်နှာပြင်ကို Touch ထိတွေ့အသုံးပြုနိုင်ခြင်းပါပဲ။ ဒါကြောင့် Touch နဲ့ Keypad နှစ်မျိုးလုံးအသုံးပြုနိုင်တဲ့ ဖုန်းလေး ဖြစ်ပါတယ်။

### Camera

5 MP စွမ်းရည်ရှိတဲ့ ကင်မရာတစ်လုံး အနောက်ပိုင်းမှာ တပ်ဆင်ပေးထားပါတယ်။ အမှောင်မှာ အလင်းပေးနိုင်မယ့် LED Flash မီးတစ်လုံးကိုလည်း တပ်ဆင်ထားပါသေးတယ်။ ရှေ့ကင်မရာတော့ ပါဝင်ခြင်းမရှိပါဘူး။

### Performance

စွမ်းဆောင်ရည်မြင့်မားဖို့အတွက် 1 GHz Processor ကို အသုံးပြုထားပါတယ်။ OS ကတော့ Nokia ရဲ့ Symbian OS ကို အသုံးပြုထားတာပါ။ အတွင်းမှတ်ဉာဏ်သိမ်းဆည်းမှုက 140 MB လောက်ပဲ ထည့်သွင်းပေးထားတာပါ။ microSD Card ကနေ 32 GB အထိ တိုးမြှင့်နိုင်မှာဖြစ်ပါတယ်။

### Connectivity

အခြား Device တွေနဲ့ ချိတ်ဆက်နိုင်ဖို့အတွက် Bluetooth 2.1 နဲ့ Wi-Fi: 802.11 b/g/n တို့ကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်တာနက် ချိတ်ဆက်အသုံးပြုရာမှာလည်း မြန်ဆန်တဲ့နှုန်းကို ပို့ဆောင်ပေးနိုင်ပါသေးတယ်။




## Nokia C3-01 Gold Edition

ဒီတစ်ပတ်မှာတော့ ထူးထူးခြားခြားအနေနဲ့ ရွှေအစစ်နဲ့ပြုလုပ်ထားတဲ့ Nokia C3-01 ဖုန်းကို ဖော်ပြပေးချင်ပါတယ်။ Nokia C3-01 ကို အရောင်အမျိုးမျိုး Version အမျိုးမျိုးနဲ့ ထုတ်လုပ်ထားတာဖြစ်ပြီး တိုအထဲမှာမှ ရွှေအစစ်ပါဝင်ရောနှောပြုလုပ်ထားတဲ့ Gold Version ကို Smart ပရိတ်သတ်အတွက် ရွေးချယ်ပေးလိုက်ပါတယ်။ အရင်အပတ်တွေတုန်းက မျက်နှာပြင်ကို လက်နဲ့ထိတွေ့အသုံးပြုနိုင်မယ့် Touch ဖုန်းတွေကို ရွေးချယ်ဖော်ပြခဲ့တာပါ။ ဒီတစ်ခါမှာတော့ အပြောင်းအလဲအနေနဲ့ ရွှေရောင် Keypad ဖုန်းလေးကို မြင်တွေ့ရမှာပါ။ ဖုန်းရဲ့စွမ်းဆောင်ရည်ကတော့ သာမန်လောက်ပဲပါ။ အဆင့်မြင့်ဖုန်းတွေလောက်တော့ စွမ်းဆောင်ရည် မမြင့်မားပါဘူး။ ဒါပေမယ့် အများနဲ့မတူတဲ့ တန်ဖိုးမြင့်ဖုန်းတစ်လုံးကို အဖိုးတန်ရတနာလို အသုံးပြုလိုသူတွေအတွက်တော့ ရွေးချယ်သင့်တဲ့ ဖုန်းလေးဖြစ်တယ်လို့ အကြံပြုချင်ပါတယ်။ ရွှေရောင်ဖြစ်တာကြောင့် ကိုင်ဆောင်သူအတွက်တော့ လူ့အလယ်မှာ ကြွားကြွားဝါဝါ ဖြစ်စေပါတယ်။ Dinner ပွဲတွေတက်ရင်တော့ ကိုယ်ကအထင်ပေါ်ဆုံးဖြစ်ပြီပေါ့။

ရွှေအစစ် ၂၄ ကာရက်နဲ့ အခြားသတ္တုတို့ ပေါင်းစပ်ရောနှောကာ ဖုန်းရဲ့ကိုယ်ထည်ကို တည်ဆောက်ထားပါတယ်။ ရွှေရောင်ကိုယ်ထည်နဲ့ Keypad ဖုန်းဒီဇိုင်းက လူ့အလယ်မှာ ထင်ထင်ပေါ်ပေါ်ရှိစေပါတယ်။ Nokia အမှတ်တံဆိပ် အမြင့်စားဖုန်းတွေကိုမှ ကြိုက်နှစ်သက်သူတွေ အတွက်တော့ မျက်စိကျစေမယ့်ဖုန်းလေးပါ။ ရွှေအစစ်နဲ့ ပြုလုပ်ထားတယ် ဆိုတော့ ဈေးနှုန်းကအရမ်းမြင့်မယ်လို့ ထင်ကောင်းထင်နိုင်ပါတယ်။ ဒါပေမယ့် နှစ်သိန်းကျပ်ဝန်းကျင် နီးပါးလောက်ပဲရှိတယ်ဆိုတော့ ဈေးနှုန်း မြင့်မားတယ်လို့ မဆိုနိုင်ပါဘူး။ ဒီဖုန်းလေးနဲ့ အင်တာနက်လိုင်းကိုလည်း ကောင်းကောင်းအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဖုန်းမှာ နောက်ထပ်ထူးခြားတာ တစ်ခုရှိသေးတယ်။ ဘာလဲဆိုတော့ ကျပ်သိန်း ၈၀ နီးပါးတန်ဖိုးရှိတဲ့ နာမည်ကျော် Vertu ဖုန်းရဲ့ Keypad ခလုတ်တွေကို Nokia C3-01 မှာအသုံးပြုထားလို့ပါပဲ။ Keypad ခလုတ်တွေက ကြွေနဲ့ပြုလုပ်ထားတာကြောင့် ညင်သာချောမွေ့တဲ့ အထိအတွေ့ကို ခံစားရနိုင်ပါတယ်။ Keypad အပြင် မျက်နှာပြင်ကို Touch အသုံးပြုနိုင်ပါသေးတယ်။ Nokia C3-01 ရဲ့ ရိုးရိုး Version ဖုန်းတွေကတော့ လူသုံးများပြီး ရွှေရောင် Gold Version ကိုတော့ အသုံးပြုသူ နည်းပါးကြောင်း သိရပါတယ်။ ဒါကြောင့် တန်ဖိုးမြင့်ပြီး ထူးခြားတဲ့ဖုန်းကိုမှ သီးသန့်ကိုင်ဆောင်သူတွေ အတွက်တော့ ရွေးချယ်သင့်တဲ့ဖုန်းလေးဖြစ်ကြောင်း အကြံပြုပါရစေ။




Price - ၁၂၅,၀၀၀ ကျပ်ဝန်းကျင်
Shop - KMD
Contact - 01 385 077

## Lenovo A800

ပြည်တွင်းမှာ လူကြိုက်များပြီး အရောင်းသွက်နေတဲ့ Lenovo A800 စမတ်ဖုန်းဖြစ်ပါတယ်။ GSM Network အသုံးပြုနိုင်ပြီး ဆင်းမ်ကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင် တဲ့ Dual-SIM စမတ်ဖုန်း အမျိုးအစားပါ။ Android OS ကိုတော့ ICS 4.0 ကို အသုံးပြု ထားပါတယ်။ မျက်နှာပြင် အရွယ်အစားက ၄.၅ လက်မဖြစ်ပြီး Multi-touch အသုံးပြုနိုင်တဲ့ IPS Display ကို တပ်ဆင်ပေးထားပါတယ်။ စွမ်းဆောင်ရည် မြင့်မားဖို့အတွက် 1GHz Dual-core Processor နဲ့ Data သိမ်းဆည်းဖို့အတွက် 512 MB RAM နဲ့ 4G Memory ကို ထည့်သွင်းပေးထားတာပါ။ Bluetooth နဲ့ Wi-Fi ကိုလည်း ချိတ်ဆက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ 5MP ကင်မရာတစ်လုံးသာ တပ်ဆင် ပေးထားပါတယ်။ အနောက်ကာဗာမှာ အကွက်လေးတွေ ဖော်ထားခြင်းက ခေတ်မီမှုကို ဖော်ပြနေသယောင် ရှိပါတယ်။ Lenovo A800 စမတ်ဖုန်းကို ၂၀၁၃ ဇန်နဝါရီလမှာ စတင်ပြီး ကြေညာခဲ့တဲ့ အသစ်စက်စက် Lenovo စမတ်ဖုန်းဖြစ်ပါတယ်။ ဒါကြောင့် အသစ်ဆုံးဖုန်းကိုမှ ကိုင်ဆောင်လိုသူတွေအတွက် ရွေးချယ်သင့်တဲ့ ဖုန်းလေးဆိုတာ အကြံပြုလိုက်ပါရစေ။



### Specification

| | |
|---|---|
| Network | - GSM Network |
| Display | - 4.5" IPS LCD Screen |
| Operating System | - Android 4.0 (ICS) |
| Storage | - 4GB, Support up to 10GB |
| Camera | - 5 MP Back Camera |



### Specification

| | |
|---|---|
| Network | - GSM Network |
| Display | - 2.4" QVGA LCD Screen |
| Operating System | - Java OS |
| Storage | - 512 MB Internal, Support up to 16 GB |
| Camera | - 1.3 MP Back Camera |

## Samsung GT-C3520

Samsung GT-C3520 ဖုန်းလေးကတော့ မိန်းကလေး အကြိုက် ဒီဇိုင်းအသွင်အပြင်နဲ့ ထုတ်လုပ်ထားတဲ့ Samsung ခေါက်ဖုန်းလေးပါ။ ပြည်တွင်းမိုဘိုင်းဈေးကွက်ထဲ ကိုတော့ ၂၀၁၃ ဖေဖော်ဝါရီလ ဒုတိယအပတ်မှာ ဝင်ရောက်လာတဲ့ အသစ်သစ်စက်စက် ဖုန်းလေးဆိုလည်း မမှားပါဘူး။ ဒီဇိုင်းပုံစံနဲ့ အရောင်အရည်အသွေးကို ကြည့်ခြင်းအားဖြင့် အလှအပကြိုက်တဲ့ မိန်းကလေးများ အတွက် သီးသန့်ထုတ်လုပ်ထားပုံရပါတယ်။ မျက်နှာပြင်က ၂.၄ လက်မရှိပြီး LCD မျက်နှာပြင်ကို အသုံးပြုထားတာပါ။ GSM Network ပေါ်မှာ အလုပ်လုပ်မယ့် ဖုန်းလေးပါ။ အချက်အလက်တွေ သိမ်းဆည်းဖို့အတွက် 512 MB ကို ထည့်သွင်းပေးထားပါတယ်။ SD Card Slot ကနေတစ်ဆင့် Memory ကို 16GB အထိ တိုးမြှင့်နိုင်ပါသေးတယ်။ ဖုန်းရဲ့အနောက်ဖက်မှာ 1.3 MP ကင်မရာတစ်လုံးကိုလည်း တပ်ဆင်ထား ပါသေးတယ်။ Bluetooth ချိတ်ဆက်ပြီး အချက်အလက်တွေကို ဖုန်းအချင်းချင်း မျှဝေနိုင်ပါတယ်။ Samsung GT-C3520 ဖုန်းလေးက ချစ်စရာအသွင်အပြင်နဲ့ ဈေးနှုန်းသင့်တင့်တဲ့ ခေါက်ဖုန်းလေးဖြစ်ပါတယ်။




Price - ၆၀,၀၀၀ ကျပ်ဝန်းကျင်
Shop - MobiTel
Contact - 09 - 430 376 77




Price - ၄၃၀,၀၀၀ ကျပ်ဝန်းကျင်
Shop - TMW Enterprise Limited
Contact - 01 218 152

## LG Optimus 4X HD

ပြည်တွင်း အရောင်းရဆုံး LG စမတ်ဖုန်းတွေထဲက တစ်ခုဖြစ်ပါတယ်။ Optimus 4X HD လို့ နာမည်ပေးထား တဲ့အတိုင်း Resolution 1280 x 720 Pixels နဲ့ HD အရည်အသွေး အတိအကျပုံဖော်ပေးမယ့် IPS မျက်နှာပြင်ကို သုံးထားခြင်းဖြစ်ပါတယ်။ အရွယ်အစားက ၄.၇ လက်မပါ။ Gorilla Glass နဲ့ မျက်နှာပြင်ရဲ့ အကြမ်းခံမှုကို ကာကွယ် ပေးထားပါသေးတယ်။ 1.5GHz Quad Core Processor က လည်း ဖုန်းရဲ့ စွမ်းဆောင်ရည်ကို အမြင့်ဆုံးထိ မြှင့်တင်ပေးမှာပါ။ Android 4.0 (Ice Cream Sandwich) ကိုသုံးထားတာကြောင့် Version မြင့်သုံးထားတဲ့ အဆင့်မြင့် စမတ်ဖုန်း ဖြစ်ပါတယ်။ RAM ပမာဏ 1 GB ကို အသုံးပြုပေးထားပါသေးတယ်။ Data တွေ သိမ်းဆည်းနိုင်ဖို့ အတွက်တော့ 16 GB ကို Internal ထည့်သွင်းပေးထားပြီး Micro SD Card ကိုလည်း 32GB အထိ Support လုပ်ပေးနိုင်ပါတယ်။ နောက်ကင်မရာက 8MP ရှိပြီး Skype Video Call တွေကို Support လုပ်ပေးနိုင်မယ့် ရှေ့ ကင်မရာတစ်လုံးကိုလည်း တပ်ဆင်ထားပါသေးတယ်။ GSM နဲ့ WCDMA Network တွေပေါ်မှာ အသုံးပြုနိုင်တဲ့ စမတ်ဖုန်းဖြစ်ပါတယ်။



### Specification

| | |
|---|---|
| Network | - GSM/ WCDMA Network |
| Display | - 4.7" True HD-IPS LCD Screen |
| Operating System | - Android 4.0 (ICS) |
| Storage | - 16 GB, Support up to 16GB |
| Camera | - Back 8MP/ VGA Front Camera |

Volume-1, Issue 8
March 13, Wednesday, 2013

# ZTE Grand Memo




တက်ဘလက်အဖြစ်ရော စမတ်ဖုန်းအဖြစ်ပါ အသုံးပြုနိုင်တဲ့ ၅.၇ လက်မအရွယ်အစားရှိ ZTE Grand Memo စမတ်ဖုန်းကို ပြီးခဲ့သည့် MWC 2013 မှာ ထုတ်ဖော် ပြသခဲ့ပါတယ်။ အခုနောက်ပိုင်းမှာ ၅ လက်မကျော်ရှိတဲ့ စမတ်ဖုန်းတွေက ခေတ်စားနေချိန်မှာ ၅.၇ လက်မနဲ့ ထုတ်လုပ်လိုက်ခြင်းကတော့ ZTE က ခေသူမဟုတ်ကြောင်း ထင်ရှားစေပါတယ်။ ပြည်တွင်းမှာလည်း ZTE စမတ်ဖုန်းတွေရဲ့ ဈေးကွက်က နေရာ တစ်နေရာယူလာနိုင်တာကို သိကြမှာပါ။ ယခုလည်း နာမည်ကြီး MWC 2013 မှာ စွမ်းဆောင်ရည်မြင့်မားတဲ့ ZTE စမတ်ဖုန်းကို ထုတ်ဖော်လိုက်ခြင်းက ZTE အသုံးပြုသူတွေအတွက် ဂုဏ်ယူစရာပါ။ မျက်နှာပြင်ကြီးကြီးဆိုတော့ အရွယ်အစားကြီးမားတဲ့ စမတ်ဖုန်းတွေကို နှစ်သက်သူတွေအတွက်တော့ စိတ်ကြိုက်ပေါ့။ Grand Memo မှာ ဘယ်လိုအားသာချက်တွေနဲ့ အဆင့်မြင့်စမတ်ဖုန်းတွေကို ယှဉ်ပြိုင်နိုင်မလဲဆိုတာ ကြည့်လိုက်ရအောင်၊ ဘယ်လိုစွမ်းဆောင်ရည် တွေရှိလဲဆိုတာ မြည်းစမ်းခံစားရင်း စောင့်မျှော်ကြည့်ရအောင်နော်။

## အသံပိုင်းဆိုင်ရာ

အသံပိုင်းဆိုင်ရာအတွက် Dolby Digital Plus အသံစနစ်သစ်ကို ထည့်သွင်းပေးထားပါတယ်။ Grand Memo က အသံစနစ်သစ်ကို ထည့်သွင်းအသုံးပြုထားတဲ့ ပထမဆုံးစမတ်ဖုန်းတစ်လုံးလို့ ဆိုရင် မှားမယ်မထင်ပါဘူး။ Dolby Digital စနစ်က ရုပ်ရှင်ရုံကြီးတွေမှာ အသုံးပြုတဲ့ အသံ စနစ်ဖြစ်တာကြောင့် ZTE Grand Memo ရဲ့ အသံစွမ်းဆောင်ရည်တွေကိုတော့ ပြောစရာလိုမယ် မထင်ပါဘူး။

## Operating System

လက်ရှိ Google ရဲ့ နောက်ဆုံးထုတ် OS ဖြစ်တဲ့ Android v4.1.2 (Jelly Bean) ကို အသုံးပြုထားတာပါ။ ဒီ OS Version နဲ့ဆိုတော့ အလန်းစား Application တွေ၊ ဂိမ်းတွေကို ထည့်သွင်းအသုံးပြုနိုင်ပြီပေါ့။ Connectivity အတွက်တော့ Bluetooth 4.0 နဲ့ Wi-Fi 802.11 a/b/g/n စနစ်တွေကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။

## စွမ်းဆောင်ရည်

1.7 GHz Quad-core Processor ကို အသုံးပြုထားခြင်းက နာမည်ကျော်အဆင့်မြင့် စမတ်ဖုန်းတွေရဲ့ စွမ်းဆောင်ရည်ကို ယှဉ်ပြိုင်နိုင်တဲ့အချက်တစ်ချက်ပါ။ 2 GB RAM ကိုလည်း ထည့်သွင်းပေးထားတယ်ဆိုတော့ Data Transfer လုပ်ရာမှာ သွက်လက်မြန်ဆန်တဲ့နှုန်းကို ပေးစွမ်းနိုင်ပါတယ်။ အချက်အလက်တွေ သိမ်းဆည်းနိုင်ဖို့အတွက်တော့ 16 GB အထိ ထည့်သွင်းပေးထားပါတယ်။ 16 GB နဲ့ မလုံလောက်သေးဘူးဆိုရင်တော့ SD Card slot ကနေတစ်ဆင့် 32 GB အထိ ထပ်တိုးနိုင်ပါသေးတယ်။

## ကင်မရာ

လက်ရှိမှာ ခေတ်စားနေတဲ့ 13 MP ကင်မရာကို အသုံးပြုထားပါတယ်။ ဒါကြောင့် ကင်မရာရူးသွပ်သူတွေ အတွက် စိတ်ကြိုက်ဖြစ်စေမယ့် ကင်မရာလေးပါ။ အလင်းပေးနိုင်မယ့် LED flash လည်း ပါဝင်တာကို တွေ့ရပါတယ်။ Geo-tagging၊ Touch focus နဲ့ Face detection စနစ်တွေကိုလည်း အသုံးပြုနိုင်ပါသေးတယ်။ နောက်ကင်မရာက Resolution မြင့်ပေမယ့် ရှေ့ကင်မရာကတော့ 1 MP ပဲရှိပါတယ်။

## မျက်နှာပြင်

၅.၇ လက်မရှိတဲ့ ကြီးမားတဲ့မျက်နှာပြင်ကို ထိတွေ့ခံစားရမှာပါ။ တက်ဘလက်တစ်လုံးရဲ့ အရွယ်အစားရှိပါတယ်။ မျက်နှာပြင်ကို ရိုးရိုး Capacitive LCD Touchscreen ကိုပဲအသုံး ပြုထားတာပါ။ Resolution က 1280 x 720 Pixels ဖြစ်တာကြောင့် Full HD မဟုတ်ပေမယ့် HD Ready အဆင့်ရှိတဲ့ စမတ်ဖုန်း တစ်လုံးလို့ဆိုနိုင်ပါတယ်။ မျက်နှာပြင်အတွက် ထူးခြားတဲ့ Feature တွေ အများကြီး ထည့်သွင်းထားတာ မတွေ့ရပါဘူး။

## မျှော်မှန်းချက်

ZTE Grand Memo ကို ၂၀၁၃ ဖေဖော်ဝါရီလမှာ ထုတ်ဖော်ခဲ့ပေမယ့်လည်း Sample အနေနဲ့သာ ပြသခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၃ ပထမလေးလပတ်အတွင်း ဈေးကွက်ထဲကို ရောက်ရှိမယ်လို့ မျှော်မှန်းထားကြပါတယ်။ ဒီလိုဆိုရင်တော့ ZTE စမတ်ဖုန်းအသစ်ကို လက်ဝယ်ကိုင်ဆောင်နိုင်ဖို့ မဝေးတော့ဘူးပေါ့။ ဈေးနှုန်းကို ကြေငြာခဲ့ခြင်းမရှိတာကြောင့် Grand Memo ရဲ့ဈေးနှုန်းကို ခန့်မှန်း လို့မရပါဘူး။

ZTE中兴



Samsung GALAXY Note II



HUAWEI




htc quietly brilliant




## Smart Phone Comparison

| | ZTE Grand Memo | Samsung Galaxy Note II | Huawei Ascend Mate | HTC Butterfly |
|---|---|---|---|---|
| OS | Android 4.1.2 (Jelly Bean) | Android 4.1.1 (Jelly Bean) | Android 4.1 (Jelly Bean) | Android 4.1.1 (Jelly Bean) |
| Screen | 5.7" LCD Screen | 5.5" Super AMOLED Touchscreen | 6.1" HD IPS LCD Touchscreen | 5" Super LCD Touch-screen |
| Resolution | 1280 x 720 pixels | 1280 x 720 pixels | 1280 x 720 pixels | 1920 x 1080 pixels |
| Display | - | Gorilla Glass 2 | Gorilla Glass 2 | Gorilla Glass 2 |
| Processor | 1.7 GHz Quad-core Processor | 1.6GHz Quad-core Processor | 1.5GHz Quad-core Processor | 1.5 GHz Quad-core Processor |
| Storage | Internal 16 GB | Internal 16/32/64 GB | Internal 8 GB | Internal 16 GB |
| RAM | 2 GB RAM | 2 GB RAM | 2 GB RAM | 2 GB RAM |
| Camera | 13 MP Camera with LED flash | 8 MP Camera with LED flash | 8 MP Camera with LED flash | 8 MP Camera with LED flash |
| | 1 MP Secondary Camera | 1.9 MP Secondary Camera | 1MP HD Secondary Camera | 2.1 MP Secondary Camera |
| Editor's Rating | ★★★★ | ★★★ | ★★★ | ★★★★ |



# headtohead Comparison

# HTC Desire VC Vs Samsung Galaxy Amazing

ဒီတစ်ပတ်မှာတော့ CDMA Network ကိုထောက်ပံ့ပေးတဲ့ စမတ်ဖုန်း နှစ်လုံးကို နှိုင်းယှဉ်ပေးပါ့မယ်။ Samsung Galaxy Amazing ကတော့ မြန်မာနိုင်ငံရဲ့ CDMA Network နဲ့ အံကိုက်ညီဆုံးဖြစ်စေအောင် ထုတ်လုပ်ထားပါတယ်။ HTC Desire VC ကလည်း မြန်မာနိုင်ငံအတွက် သီးသန့်ထုတ်လုပ်ထားတဲ့ HTC စမတ်ဖုန်းတွေထဲက တစ်ခုအပါအဝင်ပါ။ စမတ်ဖုန်းနှစ်လုံးက မြန်မာနိုင်ငံအတွက် သီးသန့်ထုတ်လုပ်ထားပြီး CDMA အသုံးပြုနိုင်တဲ့ စမတ်ဖုန်းချင်း တူညီတာကြောင့် စိတ်ကြိုက်ရွေးချယ်နိုင်ဖို့ ဖော်ပြပေးလိုက်ပါတယ်။



**>> HTC Desire VC**

Storage : 4GB
Price : ၂၂၉,၀၀၀ ကျပ်ဝန်းကျင်
Shop : KMD
Contact : 01 - 385 077

**>> Samsung Galaxy Amazing**

Storage : 4 GB + Free 2GB MicroSD
Price : ၁၅၀,၀၀၀ ကျပ်ဝန်းကျင်
Shop : MobiTel
Contact : 09 - 420 164 644

## HTC Desire VC | Samsung Galaxy Amazing

### Design



**HTC Desire VC:** ၄ လက်မအရွယ်အစားရှိပြီး အရင်ထုတ်လုပ်နေကျ HTC စမတ်ဖုန်းတွေနဲ့ ကွဲပြားတဲ့ ဒီဇိုင်း အသွင်အပြင်နဲ့ပါ။ ကိုယ်ထည်အနက်ရောင် ပေါ်မှာ အနီရောင်လိုင်းတွေကို ဒီဇိုင်းဖွဲ့ထားပေး ပါတယ်။ အထူးခြားဆုံးကတော့ ဖုန်းရဲ့ အနောက် ပိုင်းပါ။

**Samsung Galaxy Amazing:** Samsung Galaxy Gio နဲ့ Galaxy Y ဒီဇိုင်းနဲ့ ဆင်တူပါတယ်။ ထူးခြားတဲ့ ဒီဇိုင်းပြောင်းလဲခြင်း မရှိပါဘူး။ မျက်နှာပြင်က ၃.၅ လက်မ အရွယ်အစား ရှိပါတယ်။



### Screen



**HTC Desire VC:** Resolution က 800 x 480 pixels ရှိပါတယ်။ မျက်နှာပြင်ကိုတော့ WVGA Touchscreen ကို သုံးထားပါတယ်။ ၎င်းမျက်နှာပြင်က စွမ်းရည်မြင့်တဲ့ Video ရုပ်ထွက်စနစ်တွေကို ထောက်ပံ့ပေးနိုင်ပါ တယ်။

**Samsung Galaxy Amazing:** Multi-touch သုံးနိုင်တဲ့ HVGA မျက်နှာပြင် ကို သုံးထားတာပါ။ 480 x 320 pixels နဲ့ ဖော်ပြပေး တာကြောင့် ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို တွေ့မြင်ခံစားနိုင်ပါတယ်။



### Sound Quality




**HTC Desire VC:** Audio ပိုင်းမှာ နာမည်ကျော်တဲ့ Beats Audio အသံစနစ်ကို ထည့်သွင်းထား တာကြောင့် Beats သံပြင်းပြင်းနဲ့အတူ သံစဉ်ကြားမှာ ပျော်လွင့်ခံစား နိုင်မှာဖြစ်ပါတယ်။

**Samsung Galaxy Amazing:** အားကောင်းပြီး ကြည်လင်ပြတ်သားတဲ့ အသံ စနစ်ကိုတော့ ပိုင်ဆိုင်ထားပါတယ်။ အသံစနစ် အတွက် ထူးခြားတဲ့ အသံစနစ်တွေ ထည့် သွင်းထား ခြင်း မရှိပါဘူး။



### Font



**HTC Desire VC:** မြန်မာစာဖောင့်ကို တစ်ပါးတည်း ထည့်သွင်း ထားပြီး Application နာမည်တွေ၊ အချက်အလက် ဖော်ပြချက်တွေကအစ မြန်မာဘာသာနဲ့ မြင်တွေ့နိုင် ပါတယ်။

**Samsung Galaxy Amazing:** မြန်မာဖောင့် အသုံးပြုနိုင်ဖို့အတွက် Mobile Service ဆိုင်တွေမှာ မြန်မာဖောင့်ကို သွားသွင်းရမှာပါ။ Application တွေ၊ Description တွေကိုတော့ မြန်မာဖောင့်နဲ့ မြင်တွေ့နိုင်မှာ မဟုတ်ပါဘူး။



### Camera



**HTC Desire VC:** 5 MP ကင်မရာတစ်လုံးနဲ့အတူ LED flash ကို အနောက်ပိုင်းမှာ တပ်ဆင်ပေးထားပါတယ်။ Video Chat တွေကို ပြုလုပ်နိုင်မယ့် Front Camera ကိုတော့ မတပ်ဆင်ထားခြင်းမရှိပါဘူး။

**Samsung Galaxy Amazing:** 3.0MP ရှိတဲ့ ကင်မရာတစ်လုံးကိုပဲ တပ်ဆင် ထားတာပါ။ အရှေ့ကင်မရာတော့ မတပ် ဆင်ထား ပါဘူး။ အမှောင်မှာ အလင်းပေးနိုင်မယ့် LED မီး လည်း မပါဝင်ပါဘူး။



### Android Version



**HTC Desire VC:** Android OS v4.0 (Ice Cream Sandwich), ကိုပဲ အသုံးပြုထားတာပါ။ နောက်ဆုံးထုတ် OS မဟုတ်ပေမယ့် ဂိမ်းနဲ့ Application တော်တော်များ များကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။

**Samsung Galaxy Amazing:** OS ကတော့ Android v2.3 (Gingerbread) ကို အသုံးပြုထားပါတယ်။ OS Version နိမ့် ပေမယ့်လည်း ပေးချေလိုက်ရတဲ့ တန်ဖိုးနဲ့ထိုက် တန်တဲ့စွမ်းဆောင်ရည်ကို ပေးစွမ်းနိုင်မယ့် စမတ် ဖုန်းဖြစ်ပါတယ်။



**Rating** ★★★★ (HTC Desire VC)

**Rating** ★★★ (Samsung Galaxy Amazing)

# MOBILE GADGETS







## 1 စွယ်စုံအသုံးပြုနိုင်တဲ့ ipeaga Metal Speaker Stard

iPad2, iPad နဲ့ iPhone တွေ အတွက်စွယ်စုံအသုံးပြုနိုင်တဲ့ ipeaga Metal Speaker Stand တစ်ခုပဲဖြစ်ပါတယ်။ စွယ်စုံဆိုတဲ့အတိုင်းဘဲ iPad တွေ iPhone တွေကို Smart ကျကျတင်ထားနိုင်ဖို့တွက် Stand အဖြစ်ရော၊ Speaker အဖြစ်ရောအသုံးပြုနိုင်တဲ့အပြင်၊ တစ်ဆက်တည်းမှာဘဲ iPad တွေ iPhone တွေကို Recharging အဖြစ်လည်းပြန်လည်အားသွင်းနိုင်ပါတယ်။ ဒါ့အပြင်ဒီပစ္စည်းမှာ audio input Jack ပေါက်တစ်ခုထပ်ပါဝင်တဲ့အတွက်အခြား Audio Device တွေဖြစ်တဲ့ MP3, MP4 နဲ့အခြား Mobile Phones တွေနဲ့လည်းချိတ်ဆက်ပြီး သီချင်းဖွင့်လှစ်နားထောင်နိုင်ပါတယ်။ သွားလေရာကိုအလွယ်တကူသယ်ဆောင်နိုင်ပါတယ်။ ဈေးနှုန်း ၄၆,၉၀၀ ကျပ်ဝန်းကျင်နဲ့ Gadget Ocean ဖုန်း - ၀၁- ၂၅၅ ၅၅၆ မှာဝယ်ယူရရှိနိုင်ပါတယ်

## 2 HSDPA, HSUPA Wireless Modem (For PC/ Laptop & Wireless Tablet )

PC, Laptop နဲ့ SIM card ထည့်သုံးလို့မရတဲ့ Android Tablet တွေမှာ Internet အသုံးပြုနိုင်မယ့် Modem ပဲဖြစ်ပါတယ်။ GSM/ WCDMA SIM Card တွေကိုထည့်သွင်းအသုံးပြုနိုင်ပါတယ်။ အသုံးပြုပုံအနေနဲ့ဒီ Modem ထဲကို SIM Card ထည့်ပြီး USB ပေါက်မှတဆင့် Pc/ Laptop တွေကို Direct အသုံးပြုနိုင်မှာဖြစ်ပြီး Tablet တွေအတွက်ကတော့ Tablet ရဲ့ OTG ပေါက်မှတဆင့်အသုံးပြုရမှာဖြစ်ပါတယ်။ PC/ Laptop မှာဒီ Modem နဲ့ internet အသုံးပြုနေတုန်း Message အဝင်အထွက်တွေ၊ ဖုန်းအဝင်အထွက်တွေကိုလက်ခံပြောဆိုအသုံးပြုနိုင်ပါသေးတယ်။ ရရှိနိုင်မည့် Internet Connection အနေဖြင့် Download အတွက် 7.2mbps နှင့် Upload အတွက် 5.76M ကိုရရှိပါတယ်။ ဈေးနှုန်း (၂၄,၉၀၀) ကျပ်နဲ့ F@X Computer ဖုန်း - ၀၁- ၃၈၉ ၃၅၇ မှာရရှိနိုင်ပါတယ်။




## 3 Gamer များအတွက် Razer naga$^{epic}$ Elite mmo Gaming Mouse

Professional Gamer များအကြိုက်တွေ့မယ့်အမြင့်မားဆုံးနည်းပညာများနဲ့ထုတ်လုပ်ထားတဲ့ Razer naga Elite Gaming Mouse ပဲဖြစ်ပါတယ်။ Online Game ကစားရာမှာအသုံးပြုဖို့အတွက်အသင့်တော်ဆုံးနဲ့အကောင်းဆုံးလုပ်ဆောင်မှုတွေကိုပေးမယ့် Mouse တစ် လုံးပဲဖြစ်ပါတယ်။ ပြုလုပ်ထားတဲ့ ဒီဇိုင်းပုံစံနဲ့ နည်းပညာပိုင်းမှာတော့ ဒီ Gaming Mouse ဟာ Dual Wired and Wireless ဖြစ်ပြီး Battery အားကုန်သွားပါကတစ်ပြိုင်နက်ကြိုးနဲ့ချိတ်ဆက်ပြီး ဆက်လက်အသုံးပြုနိုင်ပါတယ်။ Charging သွင်းဖို့အတွက် Dock တစ်ခုလည်းပါဝင်ပါတယ်။ 5600 dpi laser Sensor ဖြစ်တဲ့အတွက် Counter Strike နဲ့ Dota လို Game တွေကိုဆော့တဲ့အခါမှာသာမန် Mouse တွေနဲ့မတူဘဲ ပိုမိုလျင်မြန်တဲ့လုပ်ဆောင်ချက်ကိုရရှိနိုင်ပါတယ်။ ဒီဇိုင်းပိုင်းအနေနဲ့ Mouse ရဲ့ဘေးဘက်မှာ Button ၁၇ ခုပါဝင်ပြီး၊ 24 Scroll Wheels၊ Anti- Slip rubber Coating၊ 3 interchangeable side Panels စသည်များပါဝင်ပြီး Keyboard အသုံးပြုစရာမလိုသလောက်အောင်ပြည့်စုံတဲ့ Razer ရဲ့ Gaming Mouse ပဲဖြစ်ပါတယ်။ မည်သည့် PC/ Laptop မှာမဆိုအသုံးပြုနိုင်ပြီး ဈေးနှုန်း (၁၂၉,၉၀၀) ကျပ်ဝန်းကျင်နဲ့ Citicom ဖုန်း - ၀၁- ၃၇၃ ၁၇၆ မှာဝယ်ယူနိုင်ပါတယ်။




## 4 Razer Goliathus Gaming Mouse mat

Mouse Pad တစ်ခုပါ။ Gaming Mouse တွေအတွက်သီးသန့်ထုတ်လုပ်ထားတဲ့ Razer Goliathus Gaming Mouse mat ပဲဖြစ်ပါတယ်။ ဒီ Mouse Pad က Gaming Mouse တွေရဲ့ Speed ကိုပိုပြီးတော့မြန်ဆန်အောင်ပြုလုပ်ပေးနိုင်ပါတယ်။ ဒီ Mouse Pad ရဲ့မျက်နှာပြင်ဟာဆိုရင် Mouse တစ်ခုလုံးကို ထက်၊ အောက်၊ ဘယ်၊ ညာ ပုံစံအမျိုးမျိုးနဲ့သွက်သွက်လက်လက်လှုပ်ရှားနိုင်ပါတယ်။ မျက်နှာပြင်တစ်ခုလုံးကိုနူးညံ့တဲ့ Rubber သားနဲ့ပြုလုပ်ထားပြီးချော်ချိုပျောက်နည်းစနစ်ကြောင့် ဈေးကွက်မှာတွေ့မြင်ရမှာပါ။ ဒါ့ပြင် ဒီ Mouse Pad မှာ Gaming Mouse တွေကိုသိရှိနိုင်ဖို့နဲ့ Speed ကို ပိုမြန်စေဖို့အတွက် အာရုံခံစနစ်ကိုလည်းထည့်သွင်းပေးထားပါတယ်။ အရွယ်အစား(၄)မျိုးရှိပြီးဈေးနှုန်း (၁၆,၉၀၀) ကျပ်နဲ့ Citicom ဖုန်း - ၀၁- ၃၇၃ ၁၇၆ မှာရရှိနိုင်ပါတယ်။




## 5 iPad Leather Case

iPad တွေကို Cover အဖြစ်ရော Stand အဖြစ်ပါအသုံးပြုနိုင်တဲ့ Leather Case ပဲဖြစ်ပါတယ်။ ဒီဇိုင်းပုံစံအသစ်နဲ့ထွက်ရှိလာတာဖြစ်ပြီး Cover တစ်ခုလုံးကိုအကောင်းစားသားရေနဲ့ပြုလုပ်ထားပါတယ်။ Portable Pocket ပုံစံဖြစ်ပြီးသွားလေရာကို အလွယ်တကူသယ်ဆောင်နိုင်ပါတယ်။ သင့်ရဲ့ iPad ကိုအထိအခိုက်အပွန်းအပဲ့ဖြစ်ခြင်းမှ ရာနှုန်းပြည့်အကာအကွယ်ပေးနိုင်မှာဖြစ်ပြီး stand အဖြစ်ထောက်ပြီးအသုံးပြုမယ်ဆိုပါကရွေ့လျားနေတဲ့ယာဉ်အထူးသဖြင့် ကားပေါ်မှာတောင်ထောင်ပြီးအသုံးပြုနိုင်ပါတယ်။ ဈေးနှုန်းအနေနဲ့ (၁၅,၀၀၀) ကျပ် ဝန်းကျင်နဲ့ Naing Mobile ဖုန်း- ၀၁- ၂၅၂၈၄၃၊ ၀၉- ၄၃၀ ၉၀၀ ၃၃ မှာဝယ်ယူနိုင်ပါတယ်။

" ဘူဒိုဇာတစ်စီးမှာ အစိတ်အပိုင်းပေါင်းများစွာ ပါဝင်ပါတယ် ဒါပေမယ့်အရေးကြီးဆုံးက **Blade, Tracks** နှင့် **Ripper** တို့ဖြစ်ပါတယ် "

# ဘူဒိုဇာတဲ့လား?

ဘူဒိုဇာ၊ ဘူဒိုဇာဆိုပြီးခေါ်ခေါ်နေကြတဲ့ယာဉ်တွေကိုအနီးကပ်ဆုံးအဓိပ္ပါယ်ဖွင့်ရမယ်ဆိုရင်တော့မြေသယ်တဲ့ယာဉ်တွေလို့ပဲပြော ရပါမယ်။ ၎င်းတို့ကိုတိုက်ဆောက်သူတွေ၊လယ်သမားတွေကအသုံးပြုတဲ့အပြင်စစ်ဘက် မှာလည်းအသုံးပြုတတ်ကြပါသေးတယ်။

ဘူဒိုဇာ တစ်လုံးကနေ နေ့စဉ်နဲ့အမျှ တန်ချိန်ပေါင်းများစွာလေးလံတဲ့ အရာဝတ္ထုများသယ်ယူခြင်း၊ စွမ်းအားမြင့်တဲ့ အင်ဂျင်တပ်ဆင်ထားပြီး မညီညာတဲ့ ဒလိမ့်ဘီး တွေရှိနေခြင်းတို့က စာဖတ်သူတွေအတွက် အဓိကမေး ခွန်းထုတ်စရာအချက်တွေဖြစ်လိမ့်မယ်လို့ထင်ပါတယ်။ ဘူဒိုဇာ တစ်စီးကို ကြည့်မယ်ဆိုရင်လည်း ကြီးမားလွန်းတဲ့ဒီ ယာဉ်ကြီးက ဘယ်လိုလို့များ လမ်းမှာဖြောင့်ဖြူးအောင် သွားနေလဲဆိုတာကိုက အံ့အားသင့်စရာအချက်ဖြစ်လို့နေပါတယ်။ ဒါပေမယ့်လည်း ဘူဒိုဇာတစ်စီးက လမ်းပေါ်မှာ ဖြောင့်ဖြူးအောင် သွားနိုင်ဖို့ ပါဝင်တဲ့အစိတ်အပိုင်းတွေကို ဟန်ချက်စေရန် ပြုလုပ်ထားပြီး သွက်လက်စွာ ရွေ့လျားနိုင်ဖို့ကိုလည်း အသုံးပြုထားတဲ့ ဒီဇယ်အင်ဂျင်နဲ့ မြန်နှုန်းထိန်းညှိစနစ်တွေက ထောက်ပံ့ပေးထားပါသေးတယ်။ လက်ရှိ ခေတ်သစ် ဘူဒိုဇာတစ်စီးက တန်ချိန် ၇၀ ကို ရွေ့လျားသွားအောင် ပြုလုပ်နိုင်ပါတယ်။

ဘူဒိုဇာတစ်စီးကို အစိတ်ပိုင်းပေါင်းများစွာနဲ့ ပေါင်းစပ်ဖွဲ့စည်းထားပေမယ့်လည်း အဓိကကျတဲ့ အစိတ်ပိုင်း ၃ ခုကတော့ Blade လို့ခေါ်တဲ့ ဂေါ်ပြား၊ Tracks ဆိုတဲ့ ဒလိမ့်ဘီးများနဲ့ Ripper လို့အမည်ရတဲ့ ချိတ်တို့ဖြစ်ပါတယ်။ ယာဉ်ရဲ့ အရှေ့ဆုံးမှာတော့ ယာဉ်လမ်းတလျှောက်မှာရှိတဲ့ အရာဝတ္ထုတွေကိုဖယ်ရှားဖို့ ကြီးမားတဲ့ သံမဏိပြား(Blade) ကို တပ်ဆင်ထားပါတယ်။ Blade မှာလည်း ၃ မျိုးရှိပါတယ်။ ပထမဆုံး S Blade ကတော့ သေးငယ်ပြီး ကွေးကောက်တဲ့ သဏ္ဌာန်မရှိပါဘူး။ U Blade ကတော့ ကြီးမားပြီး အလွန်ကို ကွေးကောက်ပါတယ်။ နောက်ဆုံး အဲဒီ ၂ခုကို ပေါင်းစပ်ပြီး ကြီးမားတဲ့ အစိုင်အခဲတွေကို သယ်ဆောင်နိုင်တာကတော့ S-U Blade ဖြစ်ပါတယ်။

ဒလိမ့်ဘီး (Tracks) တွေမှာလည်း အမျိုးမျိုးသော ပုံစံတွေရှိပါတယ်။ လက်ရှိ အသုံးများတဲ့ tracks တွေကတော့ Caterpillar ရဲ့ High-drive system ဖြစ်ပြီး ၎င်းက မောင်းနှင်တဲ့သူကို သက်တောင့်သက်သာဖြစ်စေဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။ ထို့ပြင် အဆိုပါ နည်းပညာက ဘူဒိုဇာကို ပိုမို ဟန်ချက်ညီစေပြီး အစိုင်အခဲများကြားသွားလာရာမှာ အဆင်ပြေစေဖို့လည်း ပြုလုပ်ထားပါတယ်။ ဥပမာ အနေနဲ့ပြရမယ်ဆိုရင်တော့ high-drive အသုံးပြုထားတဲ့ ဘူဒိုဇာတွေက အရာဝတ္ထုတွေသယ်ယူခြင်း၊ ရွေ့လျားခြင်းတို့ မှာ အခြားနည်းပညာအသုံးပြုထားတဲ့ ဘူဒိုဇာတွေထက် တည်ငြိမ်ခြင်းကို ဆိုလိုတာဖြစ်ပါတယ်။

နောက်ဆုံးကျန်တာကတော့ Ripper ဆိုတဲ့ ချိတ်ကောက်ကြီးပါပဲ။ Ripper က ဘူဒိုဇာရဲ့ အနောက်ပိုင်းမှာရှိပြီး hydraulic cylinder နဲ့ ထောက်ပံ့ ပေးထားပါတယ်။ Ripper ရဲ့ရည်ရွယ်ချက်ကတော့ မာကျောတဲ့ မြေကြီး၊ မြေခဲတွေကို ကော်ထုတ်ဖို့ပဲဖြစ်ပါတယ်။ Ripper များကို ပြန်လည်အစားထိုးလို့ရတဲ့ စတီး အသွားများနဲ့ပြုလုပ်ထားပြီး သံချေးမတက်ဖို့ကိုလည်း စီမံထားတယ်လို့သိရပါတယ်။ Ripper များကို မာကျောတဲ့ သစ်ခေါက်များ ခွဲထုတ်ခြင်းမှာလည်း အသုံးပြုလေ့ရှိကြပါသေးတယ်။

ဘူဒိုဇာတွေရဲ့မြင့်မားတဲ့ စွမ်းရည်နဲ့ အကောင်းဆုံး စွမ်းဆောင်နိုင်မှုတွေကြောင့် ၎င်းတို့ကို စစ်ဘက်ရေးရာမှာပါ အသုံးပြုလာကြပါတယ်။ များသောအားဖြင့် စစ်ဘက်ရေးရာမှာ ဘူဒိုဇာများကို ကျည်ကာယာဉ်များအဖြစ်အသုံးပြုကြပြီး အချို့အချိန်များမှာ လက်နက်တပ်ဆင်ပြီး ရန်သူယာဉ်များကို ဖြိုခွင်းတဲ့ ယာဉ်များအဖြစ်နဲ့ပါ အသုံးပြုကြတယ်လို့ သိရပါတယ်။ ဥပမာအနေနဲ့ ပြရမယ်ဆိုရင်တော့ အစ္စရေး ကာကွယ်ရေးဌာန (IDF) က အသုံးပြုတဲ့ Caterpillar D9R ဖြစ်ပါတယ်။

## ဘူဒိုဇာရဲ့အခြေခံ အချက်အလက်များ




**Ripper**

အစွယ်ပုံသဏ္ဌာန်ရှိပြီး သံမဏိဖြင့်ပြုလုပ်ထားတဲ့ Ripper များကို မာကျောတဲ့ အရာဝတ္ထုများကိုဖောက်ထွင်းဖို့Hydraulic cylinder နဲ့အထောက်အပံ့ပေးထားပါတယ်။

**Push Frame**

ဒါကတော့ Blade (ဂေါ်ပြား) နဲ့ ဘူဒိုဇာကို ချိတ်ဆက်ထားတဲ့ မောင်း တစ်ခုဖြစ်ပါတယ်။ ၎င်းက ဘူဒိုဇာ မောင်းနှင်နေစဉ် Blade ကို မှန်ကန်တဲ့ နေရာမှာ ထားရှိဖို့ ပြုလုပ်ပေးပါတယ်။

# 5TOP FACTS
## BULLDOZERS

### အမည်
ဘူ ဒို ဇာ ဆို တဲ့ နာ မ ည် က တကယ်တော့ အင်ဂျင်နီယာတွေရဲ့ နည်းပညာ အခေါ်အဝေါ်ဖြစ်ပါတယ်။ ဘူဒိုဇာဆိုတဲ့နာမည်ကို ၃၀ ပြည့်နှစ် မတိုင်ခင်က crawler vehicle (ကောပြား ယာဉ်)လို့သာခေါ်ကြတာ ဖြစ်တယ်လို့ သိရပါ တယ်။

### ပထမဆုံး
ဘူဒိုဇာ တွေကို ပထမပိုင်းမှာ ဒီလိုမျိုးမြေကော်ဖို့ အစိုင်အခဲတွေကို ရှင်းလင်းဖို့ အတွက် ရည်ရွယ်ခဲ့တာ မဟုတ်ပဲ လယ်ယာထွန်ယက်ဖို့အတွက် သာ ဖြစ်တယ်လို့ သိရပါတယ်။ ၂၀ ရာစုနှစ်များမှသာ စတင်ပြီး မြေ သယ်ယာဉ် ထီးသန့်ထုတ်လုပ်ပြီး ရောင်းချခဲ့တာ ဖြစ်ပါတယ်။

### Cartepillar
အများသိတဲ့ Cartepillar က ကမ္ဘာပေါ်မှာ အကြီးမားဆုံး ဘူဒိုဇာ ထုတ်လုပ်တဲ့ အမေရိကန်အခြေစိုက် ကုမ္ပဏီဖြစ်ပြီး ၎င်းရဲ့ ပြိုင်ဘက်များ ကတော့ Komatsu JCB နဲ့ John Deere တို့ဖြစ်ပါတယ်။ ၎င်းတို့ အားလုံးက ပုံစံတူတဲ့ ဘူဒိုဇာများကို ရောင်းချ ကြပါတယ်။

### သေးငယ်ခြင်း
ဘူဒိုဇာတစ်စီးရဲ့ အစိတ်အပိုင်းတွေ ကကြီးမားပေမယ့်လည်း အားလုံးကို အသုံး ပြုဖို့က ခက်ခဲပါတယ်။ ဒါကြောင့် အခု နောက်ပိုင်း အစိတ်အပိုင်း အနည်းငယ်သာ ပါဝင်တဲ့ ဘူဒိုဇာများကို ထုတ်လုပ်လာ ပြီး ၎င်းတို့ကို Calfdozer လို့ခေါ်ဝေါ် ကြပါတယ်။ Calfdozer များက သာမန် ဘူဒိုဇာအရွယ်အစားထက် အသိသာသာ သေးငယ်လေ့ရှိပါတယ်။

### စစ်သုံးဒိုဇာ
ကမ္ဘာပေါ်မှာ နာမည်အကြီးဆုံး စစ်ဘက်သုံး ဘူဒိုဇာကတော့ Cartepillar D9R ဖြစ်ပါတယ်။ ၎င်းကို အစ္စရေး ကာကွယ်ရေးတပ် (IDF) က အသုံးပြုပြီး စစ်ဖြစ်နေရင် အဆောက်အဦးများကို ဖြိုချဖို့အတွက် အဓိက အသုံးပြုတယ်လို့သိရပါတယ်။ D9R ရဲ့ နာမည်ပြောင်ကတော့ Doobi ဖြစ်ပါတယ်။

**သင်သိရဲ့လား?** အစောပိုင်းကာလများ။ ဆိုလိုရင်းကတော့ ၁၉၃၀ ပြည့်နှစ်များက ဘူဒိုဇာများကို bull graders များလို့သာ ခေါ်ဆိုကြပါတယ်။



### Cab
Cab ကတော့ မောင်းနှင်သူနေရာပါ။ ဒီနေရာကနေ မောင်းနှင်သူက ဘူဒိုဇာတစ်ခုလုံးကို ထိန်းချုပ်နိုင်ပြီး Blade နဲ့ Ripper တွေကိုလည်း ထိန်းကျောင်းနိုင်ပါသေးတယ်။

### Exhaust Pipe
မြန်မာအခေါ် အိပ်ဇောပိုက်ပေါ့။ ဒါကတော့ ဘူဒိုဇာရဲ့ ဒီဇယ်အင်ဂျင်က ထွက်လာတဲ့ အညစ်ကြေးငွေ့တွေကို စွန့်ထုတ်ပေးတဲ့ နေရာပါ။

### Lift Cylinder
Hydraulic Cylinder ၂ ခုထဲက ၁ ခု ဖြစ်ပြီး ၎င်းက Blade အရွေ့ အပြောင်း ချောမွေ့စေဖို့အတွက် အကောင်းဆုံး စွမ်းဆောင်ပေးပါတယ်။



### Blade
အခုံးသဏ္ဍာန်ရှိတဲ့ သံမဏိ အကာအရံကြီးကို Blade လို့ ခေါ်ဆိုကြ ပါတယ်။ ၎င်းကို ယာဉ်ရဲ့ အရှေ့မှာရှိတဲ့ အစိုင်အခဲများ မြေစိုင်မြေခဲများကို ဖယ်ရှား သယ်ယူဖို့အတွက် အသုံးပြုပြီး Hydraulic Cylinder ၂ ခုနဲ့ အထောက် အပံ့ပေးထားပါတယ်။

### Tracks
အရှင်းရှင်း ချိတ်ဆက်ထားတဲ့ သံမဏိပြားတွေက ဒလိမ့်ဘီးပုံသဏ္ဍာန် စွမ်းဆောင်ပါတယ်။ ၎င်းတို့က ဘူဒိုဇာရဲ့ရွေ့ခြင်း၊ တွန်းခြင်းတို့ကို ဟန်ချက်ညီအောင် ပြုလုပ်ပေးကြပါတယ်။

### Cutting Edge
ဘူဒိုဇာရဲ့ ကောပြားအောက်မှာရှိတဲ့ အသွားများက Blade နဲ့ မြေကြီး ကောင်းမွန်စွာ ထိတွေ့စေနိုင်ဖို့ပြုလုပ်ပေးပါတယ်။ ခဏ ခဏ အသုံးပြုရတာ ကြောင့်လည်း အစားထိုးနိုင်ဖို့ ပြုလုပ်ထားပါတယ်။

# Easy Guide

ဒီတစ်ခါ Easy Guide မှာ ဖော်ပြပေးချင်တာက iCloud အသုံးပြုနည်း ဖြစ်ပါတယ်။ တကယ်တော့ iCloud အသုံးပြုတာက မခက်ခဲပါဘူး။

## iCloud အလွယ်တကူအသုံးပြုပုံ

iCloud ဆိုတာကတော့ Apple ကနေ ပြုလုပ်ထားတဲ့ online Storage ပါ။ မိမိအနေနဲ့ အချက်အလက်တွေကို iPhone/ Mac တို့အပေါ်မှာ သိမ်းဆည်းထားရတာ စိတ်မချဘူးဆိုရင်တော့ ဒီလို online storage ဖြစ်တဲ့ iCloud မှာ သွားရောက်သိမ်းဆည်းနိုင်ပါတယ်။ iCloud ရဲ့ ထူးခြားချက်ကတော့ ၎င်းက ecosystem ဖြစ်တဲ့ အတိုင်း သိမ်းဆည်းထားတဲ့ အချက်အလက်တွေကို ဘယ်iDevice ကမဆို ပြန်လည်ကြည့်ရှုခြင်း download လုပ်နိုင်ခြင်းပါပဲ။ iCloud က အစပိုင်းပထမ အသုံးပြုသူများအတွက် 5GB ပမာဏ အခမဲ့ပေးထားပါတယ်။

### 1 Preference ထဲဝင်ခြင်း

ဦးစွာအနေနဲ့ အချက်အလက်တွေကိုသိမ်းဖို့ set-up ပြုလုပ်ဖို့အတွက် Preference ထဲကိုဝင်ရောက်ရမှာဖြစ်ပါတယ်။ iCloud icon ကို ရှာဖွေပြီး ကိုယ့်ရဲ့ အချက်အလက်တွေကို ဖြည့်ရမှာပါ။




### 1 Setup ပြုလုပ်ခြင်း

Setup လုပ်ဖို့ကို ပထမဆုံး ကိုယ့်မှာ Apple ID ရှိနေဖို့လိုပါမယ်။ Apple ID တစ်ခု အခမဲ့ပြုလုပ်ပုံကိုတော့ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။




### 1 အချက်အလက်များကိုမှတ်ခြင်း

ဒီနေရာမှာတော့ ကိုယ့်ရဲ့ အချက်အလက်များကို လွယ်ကူစွာ ဖြည့်စွက်နိုင်မှာဖြစ်ပါတယ်။



### 2 Options များကိုစစ်ဆေးပါ

iCloud က ပေးထားတဲ့ option များကို သေချာရွေးချယ်ဖို့ လိုပါလိမ့်မယ်။ မိမိအနေနဲ့ apple ရဲ့ ဘယ်ဝန်ဆောင်မှုကို အသုံးပြုမလဲ ကိုရွေးချယ်ပေးရမှာဖြစ်ပါတယ်။



### 2 တည်နေရာဝန်ဆောင်မှု

အကယ်၍ iCloud ကို အသုံးပြုပြီး Find My Phone လို ဝန်ဆောင်မှုမျိုးကို အသုံးပြုချင်တယ်ဆိုရင်တော့ OK ကို နှိပ်ရမှာဖြစ်ပါတယ်။




### 2 ချိတ်ဆက်ခြင်း

ကိုယ့်ရဲ့ iCloud အကောင့်နဲ့ Device ကို ချိတ်ဆက်ပြီးရင်တော့ အဖက်ဖက်ချိတ်ဆက်အသုံးပြုမယ့် ဝန်ဆောင်မှုတွေကို ရွေးချယ်နိုင် ပြီဖြစ်ပါတယ်။



# iOS Applications












### Ornagai 2

Free/iOS 5.0/31.9MB

www.ornagai.com

iOS ပေါ်မှာ ကောင်းမွန်မှန်ကန်စွာအသုံးပြုနိုင်တဲ့ အင်္ဂလိပ်မြန်မာ မြန်မာ အင်္ဂလိပ်အဘိဓာန် တစ်ခုဖြစ်ပါတယ်။ ယခုအသစ် ထုတ်လုပ်လိုက်တဲ့ ဗားရှင်းမှာ တော့ ပိုမိုကောင်းမွန်တဲ့ မြန်မာ Keyboard ကိုထည့်သွင်းထားပြီး text များဖော်ပြတဲ့ နေရာမှာလည်း တည့်မတ်စွာ ဖော်ပြနိုင်ဖို့ ပြင်ဆင်ပြုလုပ်ထားပါတယ်။ ထို့ပြင် အသံဖြင့် ဖော်ပြနိုင်တဲ့ စနစ်ကိုလည်း ထည့်သွင်း ပေးထားပြီး မြန်မာ keyboard ကိုလည်း ထည့်သွင်းပေးထားတာ တွေ့ရပါတယ်။ ဗားရှင်းအသစ်မှာ ထူးထူးခြားခြား ပါဝင်လာတာကတော့ မြန်မာကီးဘုတ် အသုံးပြုပြီး ရှာဖွေနိုင်ခြင်း၊ ကီးဘုတ် ပုံစံပြောင်းလဲထားခြင်းဖြစ်ပါတယ်။

### Sar

$1.99/iOS 5.0/2.4MB

www.comquas.com

Sar ဆိုတာကတော့ iOS မှာ အသုံးပြုနိုင်တဲ့ ဇော်ဂျီစာရိုက် စနစ်ဖြစ်ပါတယ်။ application ကိုအသုံးပြုခြင်းဖြင့် iOS အတွင်း ဇော်ဂျီဖောင့်ကို အလွယ်တကူ ရိုက်နှိပ် သွားနိုင်မှာဖြစ်ပြီး အီးမေးလ်ပေးပို့ရာတွင် လည်းကောင်း၊ SMS ပေးပို့ရာတွင်လည်းကောင်း လွယ်ကူချောမွေ့သွားမှာဖြစ်ပါတယ်။ Sar application က Virtual Keyboard ပိုင်းကိုသာမက Hardware Keyboard ပိုင်းကိုပါ အထောက်အပံ့ပေးထားတာကို တွေ့ရပါတယ်။ ထို့ပြင် AirPrint မှ ထုတ်ထားသော စာများကို တိုက်ရိုက် print ထုတ်နိုင်အောင် iCloud ပိုင်းအဖြစ် သိမ်းဆည်းခြင်းကို ပြုလုပ်နိုင်ပါသေးတယ်။

### Dhamma Stream

Free/iOS 4.3/3.6MB

www.comquas.com

မိမိဖုန်းမှတဆင့် ဓမ္မဒေသနာ တိုးခြင်း၊ ဓမ္မစာ ကြည့်ရှုခြင်းတို့ကို အလွယ်တကူဆုံးကြည့်ရှုနိုင်ဖို့ စီစဉ်ထားတဲ့ android application တစ်ခုဖြစ် ပါတယ်။ application ထွက်ရှိခြင်းမှာ မကြာမြင့် သေးပေမယ့်လည်း GSM သာမက CDMA ဖုန်းများအတွက်ပါ အသုံးပြုလို့ရတာ တွေ့ရပါတယ်။ ထို့ပြင် application သွင်းရန် ဖုန်းကို root လုပ်ထားရန်မလိုပဲ မြန်မာ mobile network နဲ့ အဆင်ပြေစွာ အသုံးပြုလို့ရနိုင်ပါတယ်။ ဓမ္မတရားကြည့်တဲ့နေရာမှာလည်း မိမိ အနေနဲ့ ကာဗွင်ဖော်ပြထားတဲ့ pin code ကိုသာရိုက်ထည့်ဖို့ လိုတာတွေ့ရပါတယ်။

### Gardar

Free/iOS 4.3/5.5MB

www.comquas.com

Gardar ကတော့ iOS အတွက် ထုတ်လုပ်ထားတဲ့ google reader တစ်ခုဖြစ်ပါတယ်။ Gardar application ကနေမြန်မာယူနီကုဒ်ဖောင့်များကို အထောက်အပံ့ပေးထားသလို ZawGyi-One font ကိုလည်း အထောက်အပံ့ပေးထားနိုင်တာက ထူးခြားမှုတစ်ခုဖြစ်ပါတယ်။ ထို့နောက် အခြားဖောင့် တစ်ခုအဖြစ် khmer font ကိုလည်း အထောက် အပံ့ပေးထားပြီး မိမိဖတ်ရှုထားသော စာများကို အွန်လိုင်းလူမှုရေး ဝက်ဘ်ဆိုက်များတွင် သွားရောက် မျှဝေ Share ပြုလုပ်သွားနိုင်ပါသေးတယ်။

Volume-1, Issue 8
March 13, Wednesday, 2013






nexus 7

## Asus Nexus 7

### Specification Highlights

| | |
|---|---|
| Operating System | - AndroidTM 4.1 |
| Display | - 7" WXGA (1280x800) Screen IPS Panel |
| CPU | - NVIDIA® Tegra3™ Quad-Core, 1.2 GHz |
| Memory | - 1GB |
| Storage | - 8GB/16GB/32GB |
| Network Standard | - HSPA+ UL:21 Mbps/DL:5.76 Mbps |
| 3G | - WCDMA : 850/900/2100 |
| 2G | - GSM : 850/900/1800/1900 |
| Wireless Data Network | - WLAN 802.11 b/g/n@2.4GHz |
| Camera | - 1.2 MP Front Camera |
| Dimensions | - 198.5 x 120 x 10.45 mm |
| Weight | - 340 g |

ပြီးခဲ့တဲ့အပတ်ကတော့ ဈေးနှုန်းသက်သာတဲ့ Acer B1 Tablet လေးကို Editor's Choice အဖြစ် ရွေးချယ်ပေးခဲ့တယ်။ ယခုတစ်ပတ်ကတော့ Asus နဲ့ Google တို့ပူးပေါင်းထုတ်လုပ်တဲ့ Asus Nexus 7 ကိုရွေးချယ်ပေးခဲ့ပါတယ်။ Asus [m Google နဲ့ပူးပေါင်းထုတ်လုပ်တဲ့ပထမဆုံး Tablet ဖြစ်သလို Tablet အနေနဲ့ သီးသန့်ထုတ်လုပ်တဲ့ Tablet သီးသန့်လည်းဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကိုဝင်လာတာမကြာသေးသလို အွန်လိုင်းမှာတောင် သူ့ရဲ့ Fan Page ကို Like လုပ်ရုံနှင့် Asus Nexus 7 ကိုရနိုင်တဲ့အခွင့်အရေးတစ်ခုကိုလည်း ပြုလုပ်ထားပါသေးတယ်။ ဒါကြောင့် ဝယ်ချင်ရင်ဝယ်၊ မဝယ်ပဲ ကံစမ်းမယ်ဆိုရင်တော့ Facebook ပေါ်မှာ Like လုပ်ပြီးကံစမ်းကြည့်လိုက်ပါ။

## အားသာချက်

အားသာချက်ကတော့ ကောင်းမွန်တဲ့ အရည်အသွေးပြည့်ဝတဲ့ hardware ထုတ်ကုန်တွေကို အသုံးပြုထားပါတယ်။ NFC ကို အထောက်အပံ့ပေးနိုင်ပါတယ်။ ဒီဇိုင်းပုံစံကလည်း သက်တောင့်သက်သာ အနေအထားမှာ ရှိပါတယ်။ နောက်ဆုံးပေါ် Android OS ကို အသုံးပြုထားပါတယ်။ Google နဲ့ ပူးပေါင်း ထုတ်လုပ်ထားခြင်း ကြောင့် Google ရဲ့ ထုတ်ကုန်တွေကို တစ်ပါတည်း ထည့်သွင်းပေးထားခြင်းဖြစ်ပါတယ်။ NVIDIA® Tegra3™ Quad-Core, 1.2 GHz ကို အသုံးပြုထားလို့ လုပ်ဆောင်မှုတွေက လျင်မြန်မှု ရှိပါတယ်။

## အားနည်းချက်

Android တွေဟာ တက်ဘလက်တွေအတွက် ပိုပြီး အဆင်ပြေစေမယ့် apps တွေ၊ ဂိမ်းတွေကို ပိုမိုထုတ်လုပ်ဖို့ လိုအပ်နေသေး ပါတယ်။ ဈေးနှုန်းကတော့ ပြည်တွင်းဈေးကွက် အခြေအနေအရ အခြားတက်ဘလက်တွေနဲ့ ယှဉ်ရင် အနည်းငယ် များနေတယ် လို့ ဆိုနိုင်ပါတယ်။ နောက်တစ်ချက်ကတော့ နောက်ကင်မရာအကြီး မပါဝင်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် လျှက်တစ်ပြက်တတ်ပုံ ရိုက်ကူးရာမှာ အခက်တွေ့စေပါတယ်။

## လုံလောက်တဲ့သိုလှောင်မှုစနစ်

Nexus 7 မှာ လုံလောက်တဲ့ အချက်အလက်သိုလှောင်နိုင်မှုစနစ် ပါရှိပါတယ်။ ဒါကတော့ 32 GB ရှိတဲ့ ပမာဏ ဖြစ်တာနဲ့ အချက်အလက်တွေကို အလွယ်တကူ သိမ်းဆည်းထားနိုင်ပါတယ်။ 8GB, 16GB နှင့် 32GB တွေ ထုတ်လုပ်ထားပေမယ့် ပြည်တွင်းမှာတော့ ရိုးရိုး Wifi သီးသန့် နှင့် 3G ထောက်အပံ့ပါတဲ့ 3G + WiFi အဖြစ် 32 GB နှစ်မျိုးကို ဖြန့်ချိပေးနေပါတယ်။

## ၇လက်မအရွယ်အစား

၇ လက်မဆိုတဲ့ အရွယ်အစားဟာ လတ်တလောဈေးကွက်မှာ လူကြိုက်များလာတဲ့ တက်ဘလက်တစ်လုံးရဲ့ အရွယ်အစား ဖြစ်သလို တက်ဘလက်တစ်လုံးရဲ့ မျက်နှာပြင်ကိုလည်း ၇ လက်မကနေစတင်ကြတယ်လို့ သတ်မှတ်သလို ဖြစ်လာပါတယ်။ ၇ လက်မ ဖြစ်တာကြောင့် သယ်ဆောင်ရာမှာပဲ ဖြစ်ဖြစ်၊ အသုံးပြုရာမှာပဲ ဖြစ်ဖြစ် အခက်အခဲ မဖြစ်စေပါဘူး။

## လျင်မြန်မှုနှင့်စွမ်းဆောင်ရည်ပိုင်း

တက်ဘလက်တစ်လုံးအတွက် လုပ်ဆောင်ချက်တွေ လျင်မြန်ဖို့ဆိုရင် အသုံးပြုထားတဲ့ processor ကောင်းဖို့ လိုအပ်ပါတယ်။ ဒီအတွက် စိတ်ပူစရာမလိုအောင် Asus နှင့် Google တို့ ပူးပေါင်းထားပါတယ်။ NVIDIA® Tegra3™ Quad-Core, 1.2 GHz ကို အသုံးပြုထားလို့ လုပ်ဆောင်မှုတွေက လျင်မြန်မှုရှိပါတယ်။ Memory ကလည်း 1 GB ဖြစ်တဲ့အတွက် ပိုမိုလျင်မြန်စေပါတယ်။

## ဒီဇိုင်းပိုင်း

ဒီဇိုင်းပိုင်းကတော့ Asus ရဲ့ Nexus 7 ဟာ Samsung ရဲ့ Tab 2 ရလက်မနှင့်တောင် အတော်လေးဆင်တူနေပါတယ်။ ဒါပေမယ့် အခြားသော ၇ လက်မအရွယ်တူ တက်ဘလက်တွေထက် အနည်းငယ်ပိုပြီး ပေါ့ပါးတယ်လို့ဆိုပါတယ်။ ဒါကတော့ တာရှည်ကိုင်မယ့် သူတွေအတွက် အဆင်ပြေစေမှာပါ။

## ဘက်ထရီစနစ်

တက်ဘလက်က အတော်လေး ဘက်ထရီစနစ် ကောင်းမွန်တယ်လို့ ဆိုရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ HD ဗီဒီယိုဖိုင်တွေကို ကြည့်မယ်ဆိုရင် ၉ နာရီကျော်၊ အင်တာနက်သုံးမယ်၊ စာဖတ်မယ်ဆိုရင် ၁၀ နာရီကျော် နှင့် Standby ထားမယ်ဆိုရင် နာရီ ၃၀၀ ကျော်ခံနိုင်ပါတယ်။

## Google Apps များပါဝင်မှု

Asus နှင့် Google တို့ ပူးပေါင်းထုတ်လုပ်ထားခြင်းကြောင့် Google ရဲ့ ထုတ်ကုန် apps တွေ အားလုံး ပါဝင်ပါတယ်။ ဥပမာ - Gmail, Chrome, Google+, Youtube အစရှိတာတွေ အပြင် Google Play Store ကနေ app, Game ပေါင်း ၇ သိန်းကျော်ကိုလည်း အခမဲ့ ရယူနိုင်မှာ ဖြစ်ပါတယ်။

ဈေးနှုန်း - NEXUS 7C ASUS-1B078A (32GB + 3G) = $379.00
- NEXUS 7 ASUS-1B087A (32GB + WiFi) = $ 329.00

ဖုန်း - 226664, 210943, 215815, 215811, 215808
(Golden Power Technology)

Volume-1, Issue 8
March 13, Wednesday, 2013

# Software Guide







## Adobe Reader 11.0.02

www.filehippo.com/download_adobe_reader

Adobe ဆိုတာကတော့ ဒီဇိုင်းလောကမှာ ဘုရင်တစ်ပါးလို့ ဆိုရပါမယ်။ ဒီဇိုင်းနှင့် ပတ်သက်တဲ့ မှန်သမျှကို Adobe ရဲ့ Software များနှင့်သာ ပြုလုပ်နေကြပါတယ်။ ယခု Adobe Reader ကလည်း Adobe ကနေ ထုတ်လုပ်ထားခြင်းဖြစ်ပြီး အခမဲ့ပေးထားခြင်းဖြစ်ပါတယ်။ Adobe Reader ရဲ့ လုပ်ဆောင်နိုင်မှုများက PDF Format များဖြင့် ပြုလုပ်ထားသော ဖိုင်များအားလုံးကို ကြည့်ရှုနိုင်ခြင်း၊ Print ထုတ်နိုင်ခြင်း၊ အဆိုပါ PDF ဖိုင်ထဲမှ စာများကို အလွယ်တကူရှာဖွေနိုင်ခြင်း၊ jpeg များကိုလည်း PDF ဖိုင်အဖြစ်ပြောင်းလဲခြင်း၊ PDF ဖိုင်များကို jpeg အဖြစ်ပြောင်းလဲခြင်း အစရှိတာတွေကို ပြုလုပ်နိုင်ပါတယ်။ ဒါကြောင့် အလွယ်တကူ PDF ဖိုင်များကို ဖတ်ရှုနိုင်တဲ့အတွက် အသုံးပြုသူများအတွက် digital စာအုပ်များကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

## Skype 6.2.0.106

www.filehippo.com/download_skype

Skype ဆိုရင် မြန်မာပြည်က လူတွေသိပ်ပြီးစိမ်းမယ်လို့ မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကွန်ပျူတာမှာသာမက Android ဖုန်းတွေမှာလည်း အသုံးပြုလာကြတာကို တွေ့ရတဲ့အတွက်ပါ။ ယခု software ကတော့ ကွန်ပျူတာမှာ အသုံးပြုတဲ့ software တစ်ခုဖြစ်ပြီး Skype to Skype ကို အခမဲ့ ဖုန်းခေါ်ဆိုနိုင်တဲ့အတွက်ပါ။ ဒါကြောင့် မိမိရဲ့ သူငယ်ချင်း မိတ်ဆွေမှာသာ Skype အကောင့်တစ်ခုလုပ်ထားပြီး အွန်လိုင်းတက်ထားမယ်ဆိုရင် ကွန်ပျူတာမှာဖြစ်ဖြစ်၊ ဖုန်းကနေဖြစ်ဖြစ် တိုက်ရိုက် ဖုန်းခေါ်ဆိုနိုင်ပါတယ်။ ဒါပေမယ့် အင်တာနက်စနစ်တော့ ရှိဖို့ လိုအပ်ပါမယ်။ ထူးခြားတာက ဗီဒီယိုခေါ်ဆိုမှုကို ပြုလုပ်နိုင်ပါတယ်။ အင်တာနက်သာရှိမယ်ဆိုရင် ကမ္ဘာ့ရဲ့အခြားနေရာတစ်ခု ကနေ အခြားနေရာတစ်ခုကို အလွယ်တကူ ဖုန်းခေါ်ဆိုနိုင်မှာဖြစ်ပါတယ်။

## Windows Defender 1.1.1593

www.filehippo.com/download_windows_defender

Windows Defender ဆိုတာကတော့ Microsoft ကနေ ထုတ်လုပ်ထားတဲ့ တရားဝင် virus သတ်နိုင်တဲ့ Software တစ်ခုဖြစ်ပါတယ်။ သူရဲ့ အဓိက ကာကွယ်ပေးနိုင်မှုကတော့ pop-ups တွေ၊ စွမ်းဆောင်နိုင်မှု နှေးကွေးတာတွေ၊ Spyware တွေ အခြားအမျိုးအမည်မသိတဲ့ Software တွေ ဝင်ရောက်မှုကနေ ကာကွယ်ပေးနိုင်ပါတယ်။ အဲဒီ software မှာဆိုရင် ပါဝင်တဲ့ Feature တွေ အနေနဲ့ Real time protection, Spyware တွေဝင်ရောက်မှုကို သတိပေးခြင်းတို့ကို ပြုလုပ်နိုင်ပါတယ်။ အထူးသဖြင့် Spyware တွေ ဝင်ရောက်မှုကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ပြီး အင်တာနက် အသုံးပြုချိန်မှာ လည်း အလွယ်တကူ မလိုအပ်တဲ့ spyware, Malware တွေမဝင်ရောက်နိုင်အောင်ကာကွယ်ပေးပါတယ်။

facebook Search for people, places and things Smart Pro Home

# Facebook Guide










## HIV Information of Myanmar

HIV ဆိုတာ လူတွေအတွက် အသက်လေးကို ဒုက္ခပေးတဲ့ လူကနေတစ်ဆင့် ကူးစက်တဲ့ ရောဂါတစ်မျိုးပါ။ ဒါကြောင့် HIV နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို အသေးစိတ်သိရှိနိုင်ဖို့အတွက် ဖန်တီးထားတဲ့ စာမျက်နှာလေး ဖြစ်ပါတယ်။ HIV ဟာ ကြောက်စရာကောင်းသလို ကူးစက်မှုကလည်း မထင်မှတ်တဲ့ နေရာကနေ ကူးစက်နိုင်ပါတယ်။ ဒါအပြင်အခြား HIV နဲ့ ပတ်သက်တဲ့ အချက်အလက်တွေအပြင် အခြားသော ဆက်စပ်နေတဲ့ ရောဂါဆိုင်ရာ အချက်အလက်တွေကိုပါ သိရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် HIV ဆိုတာ ဘာလဲ၊ HIV နဲ့ ပတ်သက်ပြီး မကူးစက်အောင် ဘာတွေ ဆောင်ရွက်ရမလဲ၊ ရှောင်ရမလဲ အစရှိတာတွေကို သိရှိစေပါတယ်။ ဒါမှသာ မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်ကိုပါ HIV ပိုး ကူးစက်ခြင်း မခံရအောင် ဘယ်လို ပြုမူနေထိုင်မလဲဆိုတာ အသိပညာရရှိစေနိုင်တာ HIV ပိုး ကူးစက်ခြင်း မခံရအောင် မိမိကိုယ်တိုင်သာမက မိမိ ပတ်ဝန်းကျင်ကိုပါ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

## Proverbs & Knowledge

အဆိုအမိန့်ဆိုတာများက လူတစ်ယောက်ရဲ့ ဘဝ တိုးတက်ရာ လမ်းကြောင်းအတွက်များစွာ အထောက်အကူပြုနိုင်သလို ဗဟုသုတ စာပေ ဆိုတာကလည်းများစွာ အကူအညီရစေပါတယ်။ ကမ္ဘာပေါ်မှာ ရှိတဲ့ ပညာရှိတွေ၊ စာဆိုတော်တွေ၊ အောင်မြင်နေတဲ့ စီးပွားရေး လုပ်ငန်းရှင်တွေ၊ နိုင်ငံရေးသမားတွေ၊ နိုင်ငံခေါင်းဆောင်တွေအစရှိတဲ့ သူတွေရဲ့ အောင်မြင်နေတဲ့ အဆိုအမိန့်တွေ၊ ဗဟုသုတရနိုင်တဲ့ စာပေတွေကို ဒီစာမျက်နှာလေးမှာ လေ့လာနိုင်ပါတယ်။ ဒီစာမျက်နှာထဲက စာတွေဟာ မိမိအတွက် အထိမ်းအမှတ်ဖြစ်နေတယ်ဆိုတဲ့ စကားလုံးများ မပါဝင်ပဲ မိမိဘဝတိုးတက်ရေးအတွက် များစွာ အထောက်အကူ ပြုနိုင်ပါတယ်။ ဘဝတိုးတက်ရေးဆိုတဲ့ အဆိုအမိန့်များနေရာမှာ လောကီအရေးအတွက်သာမက လောကုတ္တရာများ အတွက်လည်းများစွာ အထောက်အကူပြုနိုင်သော စာများ၊ စကားများ၊ အမှန်တရားများစွာကို လေ့လာနိုင်မှာဖြစ်တာမို့ like လုပ်ထားခြင်းဖြင့် မိမိအတွက်များစွာ အထောက်အကူပြုနိုင်စေမှာ ဖြစ်ပါတယ်။

## Yi Sa Yar Magazine

ရယ်စရာမဂ္ဂဇင်းဆိုရင် အတော်များများ ကြားဖူးနေကြမယ်လို့ ထင်ပါတယ်။ ယခုစာမျက်နှာကတော့ ရယ်စရာမဂ္ဂဇင်းရဲ့ စာမျက်နှာ တစ်ခုဖြစ်ပြီး ရယ်မောခြင်းဟာ လူကို အသက်ရှည်စေတယ်လို့ ဆိုပါတယ်။ တစ်ကြိမ်အားပါးတရ ရယ်မယ်ဆိုရင် တစ်ရက်အသက် ရှည်စေတယ်လို့ ဆိုရိုးရှိတာကိုလည်း ကြားဖူးပါတယ်။ ဒါကြောင့် ဒီစာမျက်နှာလေးမှာ ရယ်စရာတွေကို ဖတ်ပြီး ရယ်မောပျော်ရွှင်နိုင်ကြမှာဖြစ်ပါတယ်။ ထို့အပြင် ရယ်စရာမဂ္ဂဇင်းမှာပါဝင်တဲ့ တစ်ချို့စာမျက်နှာတွေ ဆောင်းပါးတွေကိုလည်း ယခုစာမျက်နှာမှာ ဖတ်နိုင်ပါတယ်။ ဒါကြောင့် လူတိုင်းရယ်မောခြင်းဖြင့် အသက်ရှည်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ မိမိကိုယ်တိုင် ဖတ်ယုံတင်မက မိမိရဲ့ မိသားစု၊ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းများကိုလည်း ရယ်စရာများကို ပြန်ပြောပြခြင်းဖြင့် မိတ်ဆွေများ နှင့် ပိုမိုရင်းနှီးစေမှာ ဖြစ်ပါတယ်။

# Miss International ပြိုင်ပွဲမှာ နိုင်ငံတော်နဲ့ ပရိသတ်အတွက် ကျေနပ်စရာဖြစ်အောင်အသည်းအသန် ကြိုးစားသွားမယ့် ဂုဏ်ရည်အေးကျော်

အမည်ရင်း - ဂုဏ်ရည်အေးကျော်
ပညာအရည်အချင်း - B.A (English), Computer Diploma in IDCS
အရပ် - ၅ ပေ ၅ လက်မခွဲ
Facebook - Gonyi Aye Kyaw
Gmail - royalgoneyi@gmail.com



**ပထမဆုံးအနေနဲ့ Miss Myanmar ဝင်ပြိုင်ဖြစ်ခဲ့ပုံလေးပြောပြပေးပါ။**

မနှစ်ကတည်းက ဝင်ပြိုင်ဖို့ ဖောင်တင်ခဲ့တာလေ။ မနှစ်က ရန်ကုန်ကိုမလာဖြစ်တော့ မပြိုင်ဖြစ်လိုက်ဘူး။ ဒီနှစ်မှာ ဝင်ပြိုင်ဖို့အတွက် အချိန်ပိုရသွားတာပေါ့။ ဒီနှစ်နှစ်အတွင်းမှာ Talent အတွက် တောင်းဆိုတာရော၊ ဘာသာစကားရော သေချာပြင်ဆင်ပြီးလေ့ကျင့်ဖြစ်ခဲ့ပါတယ်။

**Miss Myanmar မပြိုင်ခင် အခြားအနုပညာလှုပ်ရှားမှုတွေလုပ်ဖြစ်လား။**

ရှိပါတယ်။ Photo Model အနေနဲ့ မဂ္ဂဇင်းတွေ၊ ဂျာနယ်၊ ကာလာတွေရိုက်ပေးပါတယ်။ ရှိုးလည်း လျှောက်ဖြစ်ပါတယ်။

**Miss Myanmar ဝင်ပြိုင်တုန်းက အမှတ်တရအဖြစ်အပျက်တွေ ရှိခဲ့လား။**

Camp သွင်းတဲ့ကာလက တစ်လဆိုတော့ ပြိုင်ပွဲဝင်တဲ့သူငယ်ချင်းတွေနဲ့ ညီအစ်မတွေလို ပျော်ပျော်ရွှင်ရွှင် နေခဲ့ရတယ်။ အကုန်လုံးကပြိုင်ပွဲပြီးသွားမှာကို ကြောက်နေကြတယ်။ အဲဒီလောက်ကိုခင်မင်ရင်းနှီးခဲ့တာ။ ပြီးတော့ မိဘမဲ့ကျောင်းတွေသွားလှူလာတုန်းက ရင်ထဲမှာ တကယ်ခံစားရတဲ့ အမှတ်တရလေးတွေရှိတယ်။ အပျော်ဆုံးအမှတ်တရကတော့ ငွေဆောင် သွားတုန်းကပါ။

**ပြိုင်ပွဲမှာရော ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ခဲ့ရလဲ။**

အဓိကက မန္တလေးကလာရတာဆိုတော့ သွားရလာရတာ အခက်အခဲတစ်ခုပါ။ နေ့စဉ်တော့ ကြိုတွက်ရင်အဆောင်ကြိုရောက်နေတာမျိုးတို့ အရင်က အဆောင်ကြိုရောက်တယ်ဆိုပြီး နည်းနည်း နောက်ကျမှထွက်လိုက်ရင် ကားတွေပိတ်၊ လမ်းတွေကြပ်ပြီး နောက်ကျမှရောက်တာ မျိုးပေါ့။ အဓိကက Time Management မရတာပါ။

**Miss သရဖူကို ဆွတ်ခူးရတဲ့အတွက် ပျော်ရွှင်မှုလေးတွေကို မျှဝေပေးပါဦး။**

အရမ်း ပျော်ရွှင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂုဏ်ရည်ကတော်တော် ကြိုးစားခဲ့ရတဲ့အတွက် ရလဒ်ရတော့ ငိုချင်မိပါတယ်။ ဒါပေမယ့် Miss ဆုကြီးကို မျှော်မှန်းခဲ့တာမဟုတ်တော့ Miss ရခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။

**Miss Myanmar ဆွတ်ခူးရခဲ့သူတစ်ယောက်အနေနဲ့ Miss International ဝင်ပြိုင်ခွင့်ရရှိသူတစ်ဦးဖြစ်တာကြောင့် အဲဒီအတွက် ရင်ခုန်မှုလေးပြောပြပေးပါ။**

ဂုဏ်ရည် အကောင်းဆုံးကြိုးစားသွားမှာပါ။ မနှစ်က မနှင်းကအကောင်းဆုံးကြိုးစားသွားခဲ့သလို ဂုဏ်ရည်လည်း ပရိသတ်အတွက်ရော နိုင်ငံတော်အတွက်ရော ကျေနပ်စရာဖြစ်အောင် အသည်းအသန် ကြိုးစားသွားမှာပါ။

**ဟုတ်ကဲ့ပါညီမလေး။ အခုမဂ္ဂဇင်းက မိုဘိုင်းလ်ဂျာနယ်ဖြစ်တာကြောင့် နည်းပညာအကြောင်း မေးကြည့်မယ်နော်။ ညီမဘယ်လိုဖုန်းမျိုးကို အသုံးပြုနေပါသလဲ။**

ဂုဏ်ရည် iPhone 4S ကာရေဝင်ပြီးပျက်သွားတော့ အခုလက်ဆောင်ရထားတဲ့ Galaxy Note II ကိုသုံးနေပါတယ်။ Note II ကမျက်နှာပြင်အကြီးကြီးဆိုတော့ Laptop နဲ့ အင်တာနက်မသုံးနိုင်တဲ့ အချိန်မှာ အင်တာနက်သုံးရတာတော်တော်ကောင်းတယ်။

**ညီမအင်တာနက်သုံးဖြစ်လား။ သုံးဖြစ်ရင်ဘာတွေလုပ်ဖြစ်လဲ။**

သုံးဖြစ်ပါတယ်။ Facebook တို့ Wikipedia တို့ Google တို့ အခြား Website တွေလည်းလေ့လာဖြစ်ပါတယ်။ အင်တာနက်က အသုံးပြုတတ်ရင် မြတ်သိသလောက် အကျိုးရှိပါတယ်။ Facebook ကတော့ Communication အတွက်သုံးတယ်။ Chat box ကနေစကားပြောတယ်။ Like တွေလုပ်တယ်။ Comment တွေပေးတယ်။ Redlink ကကြေညာထားတဲ့အတိုင်းပဲ တစ်ယောက်နဲ့ တစ်ယောက် ဘာတွေလုပ်တယ်ဆိုတာ သိချင်မြင်ချင်ကြတော့ Facebook က အဲဒါကို ဖြည့်ဆည်းပေးနေတဲ့ အရာပါပဲ။

**Facebook မှာ ဂုဏ်ရည်အေးသော်ဆိုပြီး အကောင့်ဖွင့်ထားတာတွေ့တယ်။ အဲဒါညီမအကောင့်လား။**

မဟုတ်ပါဘူး။ Facebook Name က ဂုဏ်ရည်အေးကျော်ပါ။ ပြိုင်ပွဲမှာ ဂုဏ်ရည်အေးသော်ဆိုပြီး နာမည်ပြောင်းလိုက်တော့ အဲဒီနာမည်နဲ့ ဂုဏ်ရည့် ပရိသတ်တစ်ယောက်ဖွင့်ပေးထားတာပါ။ အဲဒါဂုဏ်ရည်မဟုတ်ပါဘူး။

**လက်ရှိစီးနေတဲ့ကား။**

ရှိပါပါ၊ မန္တလေးမှာစီးတာပေါ့။ ရန်ကုန်ကိုတော့ ကားမယူလာဖြစ်ပါဘူး။

**ရှေ့ဆက်လုပ်ဆောင်သွားမယ့် ခရီးလမ်းလေးအကြောင်း ပြောပြပေးပါ။**

နိုင်ငံကိုယ်စားပြုမယ်တစ်ယောက်အနေနဲ့ နိုင်ငံအကျိုးပြုတွေပဲ အဓိကလုပ်ဆောင်သွားမှာပါ။ MTS(Myanmar Tourism Services Co., Ltd.)ရဲ့ လုပ်ငန်းဆောင်တာတွေက အဓိကပါ။ နောက်ပြီး ကမ်းလှမ်းလာတဲ့ အနုပညာအလုပ်တွေနဲ့အတူ ဒီတစ်နှစ်ကို အကျိုးရှိရှိဖြတ်သန်းသွားမှာပါ။

Volume-1, Issue 8
March 13, Wednesday, 2013



# THE 85TH ACADEMY AWARDS

## (၈၅) ကြိမ်မြောက် OSCAR ဆုပေးပွဲတွင်နာမည်ကြီးခဲ့သည့်ရုပ်ရှင်များ




### Silver Linings Playbook

ဒီရုပ်ရှင်ကတော့အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ Jennifer Lawrence ကို OSCAR ဆုရရှိစေခဲ့တဲ့ရုပ်ရှင်ဖြစ်ပါတယ်။ Silver Linings Playbook ဒီရုပ်ရှင်ထဲမှာ Bradley Cooper, Robert De Niro တို့လို နာမည်ကြီးသရုပ်ဆောင်တွေပါဝင်ပါတယ်။ ဒီရုပ်ရှင်ထဲမှာ Jennifer Lawrence နဲ့ Bradley Cooper တို့ရဲ့အချစ်ဇာတ်လမ်း ၊ Robert De Niro နဲ့ Bradley Cooper တို့ရဲ့သားအဖသံယောဇဉ်တွေကိုကြည့်ရှုရမှာဖြစ်ပါတယ်။ ထို့အပြင် Jennifer Lawrence နဲ့ Bradley Cooper တို့အကပြိုင်ပွဲမှာဝင်ရောက်ယှဉ်ပြိုင်တာကို ကြည့်ရှုခံစားရမှာဖြစ်ပါတယ်။

### Les Mise'rables

ဒီရုပ်ရှင်ကတော့သီချင်း ဒရာမာရုပ်ရှင်ဖြစ်ပြီး ၁၈၁၅ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့စစ်ပွဲတွေအကြောင်းကိုဖော်ပြထားတဲ့ရုပ်ရှင် ဖြစ်ပါတယ်။ အရင်ခေတ်တုန်းက ဇာတ်ပဒါရုပ်ရှင်မျိုးကို ခံစားရမယ့်ရုပ်ရှင်ဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာ Hugh Jackman, Russell Crowe, Anne Heathway တို့လို နာမည်ကြီးသရုပ်ဆောင်တွေ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီရုပ်ရှင်မှာ Anne Heathway ကတော့ OSCAR ဆုကိုရရှိခဲ့တဲ့သူဖြစ်ပါတယ်။ ဒီဇာတ်လမ်းထဲမှာ စစ်ပွဲတွေ၊ ချစ်ခန်းကြိုက်ခန်းတွေကို သီချင်းဆိုရင်းသရုပ်ဖော်ထားတာကြောင့် ယခုခေတ်ရုပ်ရှင်ကြည့်တဲ့သူတွေအတွက် အမြင်ဆန်းနေပါတယ်။







### Argo

၁၉၈၀ ခုနှစ်မှာ CIA နဲ့ကနေဒါကလူအချို့ပူးပေါင်းပြီးလျှို့ဝှက်စစ်ဆင်ရေးပြုလုပ်ရပုံကိုအခြေခံထားတဲ့ရုပ်ရှင်ဖြစ်ပါတယ်။ ထိုစစ်ဆင်ရေးအဖြစ် အီရန်နိုင်ငံမှာဖြစ်ပေါ်နေတဲ့အရေးခင်းမှာ ပါဝင်ပတ်သက်နေတဲ့အမေရိကန်နိုင်ငံသား ခြောက်ယောက်ကိုသွားရောက်ကယ်ဆယ်ရတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ OSCAR ဆုပေးပွဲမှာတော့ အကောင်းဆုံးရုပ်ရှင်ဆုကို ရရှိသွားခဲ့တဲ့ရုပ်ရှင်ဖြစ်ပါတယ်။ ဒီရုပ်ရှင်ထဲတွင် Ben Affleck, Bryan Cranston , John Goodman တို့လိုနာမည်ကြီးသရုပ်ဆောင်တွေ ပါဝင်ထားတဲ့ရုပ်ရှင်ဖြစ်ပါတယ်။

### Skyfall

စာဖတ်ပရိတ်သတ်တွေ အားလုံးသဘောကျခဲ့ဘူးတဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်ဖြစ်ပါတယ်။ ဒီရုပ်ရှင်ကားဟာ ဂျိမ်းစ်ဘွန်းရုပ်ရှင် သက်တမ်း နှစ် ၅၀ ပြည့်ထုတ်လုပ်တဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ ဒီဇာတ်လမ်းထဲမှာ ဘယ်တုန်းကမှမမြင်ဘူးတဲ့ ဂျိမ်းစ်ဘွန်းရဲ့ဇာတ်ရုပ်ကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ထဲမှာ ဂျိမ်းစ်ဘွန်းနေရာကို Daniel Craig ကသရုပ်ဆောင်ထားပါတယ်။ Skyfall ရုပ်ရှင်ထဲမှာ ဂျိမ်းစ်ဘွန်းရုပ်ရှင်တိုင်းပါဝင်နေကြ M ကို Skyfall ရုပ်ရှင်ထဲမှာ လိုက်လံသတ်ဖြတ်ခံရမှုကို ဂျိမ်းစ်ဘွန်းကလိုက်လံကာကွယ်ပုံကို ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ကတော့ OSCAR ဆုကို အကောင်းဆုံးတေးဂီတ ဆုကိုရရှိခဲ့ပါတယ်။







### Django Unchained – Quentin Tarantino

ဒီရုပ်ရှင်ဟာ လူဖြူလူမဲခွဲခြားမှုကို အခြေခံထားတဲ့ရုပ်ရှင်ဖြစ်ပါတယ်။ ဒီရုပ်ရှင်ကို Leonardo DiCaprio, Jamie Foxx တို့လိုဝါရင့်သရုပ်ဆောင်တွေ ပါဝင်သရုပ်ဆောင်ထားတဲ့ရုပ်ရှင်ဖြစ်ပါတယ်။ ကျွန်နှယ်ထိန်းတစ်ဦးဖြစ်တဲ့ Jamie Fox ဟာသူ့ရဲ့မိန်းမကိုဖမ်းသွားတဲ့ လူမျိုးရေးအလွန်ခွဲခြားတဲ့ Leonardo DiCaprio ဆီမှာသွားရောက်ကယ်တင်ရတဲ့ဇာတ်လမ်း ဖြစ်ပါတယ်။

## Billboard Top 10 List

1. Harlem Shake
Artist - Baauer
Title - Harlem Shake

2. Thrift Shop
Artist - Macklemore and Ryan Lewis (Featuring- Wanz)
Title - Tha Heist

3. When I Was Your Man
Artist- Bruno Mars
Title- Unorthodox Jukebox

4. I Knew You Were Trouble
Artist - Taylor Swift
Title - Red

5. Scream and Shout
Artist - will . i.am & Britney Spears
Title - Scream and Shout

6. Started From The Bottom
Artist - Drake
Title - Started From The Bottom ( Clean)

7. Stay
Artist - Rihanna Featuring Mikky Ekko
Title - Unapologetic

8. Suit &Tie
Artist- Justin Timberlake Featuring Jay Z
Title- The 20/20 Experience

9. Locked Out of Heaven
Artist - Bruno Mars
Title - Unorthodox Jukebox

10. Love Me
Artist - Lil Wayne Featuring Drake & Future
Title - Love Me

## Weekend Top Box Office

1. Jack the giant Slayer
ကုန်ကျစရိတ် - US $ 195,000,000
ဝင်ငွေ - US $ 27,202,226

2. Identity Thief
ကုန်ကျစရိတ် - US $35,000,000
ဝင်ငွေ - US $ 107, 025, 000

3. 21 And Over
ကုန်ကျစရိတ် - US $13,000,000
ဝင်ငွေ - US $ 8, 025, 000

4. Snitch
ကုန်ကျစရိတ် - မသိရ
ဝင်ငွေ - US $ 24, 025, 000

5. The Last Exorcism Part II
ကုန်ကျစရိတ် - US $ 5,000,000
ဝင်ငွေ - US $ 7, 025, 000

6. Escape From Planet Earth
ကုန်ကျစရိတ် - US $ 40,000,000
ဝင်ငွေ - US $ 34, 145, 000

7. Safe Haven
ကုန်ကျစရိတ် - US $ 28,000,000
ဝင်ငွေ - US $ 47, 035, 000

8. Silver Linings Playbook
ကုန်ကျစရိတ် - US $ 28,000,000
ဝင်ငွေ - US $ 8, 000, 000

9. A Good Day to Die Hard
ကုန်ကျစရိတ် - US $ 92,000,000
ဝင်ငွေ - US $ 52, 025, 000

10.Dark Skies
ကုန်ကျစရိတ် - US $ 3,000,000
ဝင်ငွေ - US $ 8, 025,000

Volume-1, Issue 8
March 13, Wednesday, 2013

Technology

# Apple မှ iPhone 5S ထုတ်လုပ်နိုင်ကြောင်း သတင်းထွက်ပေါ်



ဂျပန်အခြေစိုက် သတင်းဌာနတစ်ခုမှ သတင်း ထုတ်ပြန်ချက်များ အရ Foxconnမှ Apple အတွက် iPhone 5S များကို ထုတ်လုပ်ရန် ပြင်ဆင်နေပြီ ဖြစ်ကြောင်း သိရသည်။

သတင်းဌာနဖြစ်သော Macotakara မှ Apple အနေဖြင့် ယခု ထွက်ရှိမည်ဟု ကောလာဟလ ထွက်နေသည့် iPhone 5S အား iPhone 5 ပေါ်တွင် အခြေခံ၍ ထုတ်လုပ်မည်ဖြစ်ကြောင်း ဈေးနှုန်းမှာလည်း လျှော့နည်းနိုင်ပြီး အရွယ်အစားလည်း ကြီးမားနိုင်ကြောင်း ဖော်ပြခဲ့သည်။

ဂျပန်အခြေစိုက် NTT Docomo မှလည်း လက်ရှိ မှာယူထားသည့် Android ဟန်းဆက် များကို ရပ်တန့်ထားပြီး iPhone များကို စတင်မိတ်ဆက်ပေးသွားရန် စီစဉ်နေသည့်အတွက် ၎င်းတို့မှာ iPhone 5S များသာဖြစ်နိုင်ကြောင်း Mac Rumors နှင့် Apple Insider သတင်းဌာန များမှ ဖော်ပြခဲ့ကြသည်။

ထို့နောက် အဆိုပါ သတင်းဌာနများမှ ဆက်လက်ပြီး iPhone 5S များမှာ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားကြပြီး အချို့မှာ ဇွန်နှင့် ဇူလိုင်လတွင် ထွက်ရှိနိုင်ကြောင်း ခန့်မှန်းဖော်ပြထားကြသည်။

ကောလာဟလအဖြစ် ထွက်ရှိနေသည့် iPhone 5S အတွင်း A7 chip အသုံးပြုမည်ဖြစ်ပြီး LED နည်း ပညာအပေါ် အခြေခံထားသည့်ပိုမိုကောင်းမွန်သည့် ကင်မရာကို ထည့်သွင်းမည်ဖြစ်ကြောင်း သိရသည်။

*Ref: Mac Rumors*

Game

# Temple Run: Oz ဂိမ်းသစ်ထွက်ရှိလာ





Oz ကာတွန်း ကား၏ စွန့်စားခန်း များ အတိုင်းစိတ်လှုပ်ရှား ဖွယ်ရာ ခံစားမှု များကို ရရှိ စေ မည့် Temple Run: Oz ဂိမ်းသစ်ကို ထုတ်လုပ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။ ယခင် Temple Run နှင့် မတူညီသည့် အဝါရောင်လမ်းများ၊ ပြေးလမ်းတစ် လျှောက် အန္တရာယ် ပေးတတ်သည့် အပင်များ၊ မိမိကို တိုက်ခိုက်မည့် ပျံသန်းနေသည့် အကောင်များကိုလည်း ရင်ဆိုင်ရမည် ဖြစ်သည်။

iOS နှင့် Android ဖုန်းများအတွက် ထုတ်လုပ် ထားပြီး ပြေးလွှား ရမည့် မူလ Temple Run ဂိမ်းနှင့် ထိတ်လန့်ကြောက်ရွံ့ဖွယ် "Oz the Great and Powerful" ကာတွန်းကားကို ပေါင်းစပ်ဖန်တီးထားသည့် ဂိမ်းတစ်ခု ဖြစ်သည်။

ဂိမ်းကစားသူတစ်ယောက်အနေဖြင့် Oz ၏ သရုပ်ဆောင် James Franco နေရာ၌ ပြေးလွှားဆော့ကစား၍ အန္တရာယ်များကို ဖြတ်ကျော်ရမည် ဖြစ်သည်။

*Ref: Cnet*

Entertainment

# Gangnam Style ကို ရင်ဘောင်တန်းလိုက်တဲ့ ကာတွန်း Video

YouTube တွင် Sesame Street အမည်ရ Video သည် ကြည့်ရှုသူပေါင်း သန်းတစ်ထောင်ရောက်ရှိသွားပြီဖြစ်ကြောင်းသိရသည်။ Sesame Street သည် အခမဲ့ Download ရယူကြည့်ရှုနိုင်ပြီး ကလေးများအတွက်ဖန်တီးပေးထားသည့် အဖျော်ဖြေ ကာတွန်း Video တစ်ခုဖြစ်သည်။

ယခုကဲ့သို့ အကျိုးအမြတ် မရယူသည့် Video သည် ကြည့်ရှုသူ သန်းတစ်ထောင် ပြည့်သွားခြင်းမှာ YouTube ၏ သမိုင်းတစ်လျှောက်တွင်တော့ ပထမဆုံး ဖြစ်သည်ဟု သိရသည်။

YouTube ကို ၂၀၀၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ကြည့်ရှုသူပေါင်း သန်းတစ်ထောင် ပြည့်သည့် Video မှာ အလွန်နည်းပါးပါးသေးသည်။ မကြာသေးမီ ကာလအတွင်းမှာ Gangnam Style သည် ကြည့်ရှုသူပေါင်း သန်းတစ်ထောင် ပြည့်ခဲ့သည်။



YouTube ၌ အောင်မြင် ကျော်ကြားမှုကို တိုင်းတာရာတွင် Like၊ Comment နဲ့ Hits တွေအပေါ်၌ မူတည်၍ တိုင်းတာခြင်းဖြစ်သည်။ ကာတွန်းရုပ်နှင့် ဖန်တီးထားပြီး ရှိုးတစ်ခုသာသာရှိသည့် Sesame Street Video အနေနဲ့ ယခုလို အောင်မြင်လာခြင်းမှာ YouTube ၏ ၃၅ နှစ်ကာ ကာလအတွင်းတွင် ပထမဆုံး ဂုဏ်ယူဖွယ် အဖြစ်အပျက်တစ်ခု ဖြစ်သည်။

*Ref: Cnet*

Technology

# Facebook မှ News Feed မြင်ကွင်း အသစ်ကိုကြေငြာလိုက်ပြီ



Facebook တွင် မိမိအသုံးပြုနေကျ Home Page ရဲ့ သတင်းများဖတ်ရှုရာ News Feed မျက်နှာပြင်ကို ဒီဇိုင်းပုံစံ ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း Facebook မှ တရားဝင် ကြေညာလိုက်ပြီဖြစ်သည်။

News Feed အသစ်တွင် ကြီးမားသည့် ဓာတ်ပုံများကို မြင်တွေ့ခံစားနိုင်ပြီး ယခင် News Feed မျက်နှာပြင်နှင့် မတူညီသည့် အပြင်အဆင်ကို မြင်တွေ့နိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ပြောင်းလဲခြင်းမှာ သတင်းများကို တကယ့် သတင်းစောင်ပါး ပုံစံအတိုင်း ဓာတ်ပုံမြင်ကွင်း ကြီးကြီးဖြင့် မြင်တွေ့ ခံစားနိုင်ရန် ဖြစ်ကြောင်း Mark Zuckerberg က ပြောကြားခဲ့သည်။

News Feed အသစ်တွင်ပိုမိုရှင်းလင်းသည့် Facebook စာမျက်ကို မြင်တွေ့နိုင်မည်ဖြစ်သည်။ ဓာတ်ပုံမြင်ကွင်း ကြီးကြီးဖြင့် ဖော်ပြပေးမည့် အတွက်ကြောင့် သတင်းစာမျက်နှာများကို ပိုမိုဆွဲဆောင်မှု ရှိစေသည်။ မိုဘိုင်းဖုန်းဖြင့် Facebook အသုံးပြုသူတွေအတွက်တော့ ကျယ်ပြန့်သည့် မြင်ကွင်းအဖြစ် မြင်တွေ့ခံစားနိုင်မည် ဖြစ်သည်။

News Feed နှင့်ပတ်သက်သည့် မြင်ကွင်းအသစ်ကို www.facebook.com/newsfeed တွင်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။



REDLINK®
COMMUNICATIONS

Certificate No. TH 10/5319

## Broadband WiMAX Service



**Junction Maw Tin Sales Office**
Ground Floor, Junction Maw Tin,
Lanmadaw Township,
Ph : 09 431 38326

နှင့်




**Chaw Twin Gone Sales Office**
No.55, Kabar Aye Pagoda Road,
Yankin Township, Yangon.
Ph : 01 660304, 664282



တို့တွင် WiMAX လိုင်းများ ဝယ်ယူခြင်း နှင့်
လစဉ်ကြေး(Bill) ပေးဆောင်ခြင်းများကို
ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

**Sales Office & Service Center**

| | |
|---|---|
| * Pearl Condo | : (+95 9) 73031684 ~ 85 |
| * BAK (IT Mall) | : (+95 9) 43170015 |
| * Junction Square | : (+95 9) 43170016 |
| * Chaw Twin Gone | : (+95 1) 660304, 664282 |
| * Junction Maw Tin | : (+95 9) 431 38326 |

**Broadband WiMAX Service**


MOBITEL COMMUNICATION CO., LTD.
NOKIA
Connecting People
Nokia 206
Network : 2G
SIM : Optional Dual Sim
(Mini-SIM, Dual Standby)
Weight : 91g
Display : 2.4''
Memory : 64MB Up to 32 GB
Camera : 1.3 MP
Stand-by : Up to 680 h
Talk Time : 20 h
Music Play : 41 h
Nokia 112
Network : 2G
SIM : Dual Sim
(Mini-SIM)
Weight : 85.5g
Display : 1.8''
Memory : 16MB Up to 32 GB
Camera : VGA 640x480 pixels
Stand-by : Up to 840 h
Talk Time : 14 h
Music Play : 27 h
Nokia C2 03
Network : 2G
SIM : Dual Sim
(Mini-SIM)
Weight : 115g
Display : 2.6''
Memory : 2GB Up to 32 GB
Camera : 2 MP
Stand-by : Up to 400 h
Talk Time : 5 h
Music Play : 37 h
OFFICIAL 1 YEAR Warranty
# 63, MobiTel Tower, Latha Road (Lower Block), Latha Township, Yangon.
Ph : 371415 Ext (115), 09 43037677, 09 43047166, 09 400460533, 09 49318846